ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 September 2022 ၁၀၈၄၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် လိုက်လံရောင်းချပေးနေစဉ်။

# ဝန်ကြီးဌာနများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်းရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

နေပြည်တော် စက်တင်ဘာ ၃

ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်အသီးသီးမှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## ယနေ့ ဖတ်စရာ

### ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ကြီး-ဘန်းယဉ်ရထားပြေးဆွဲမှု ပြန်လည်စတင်နိုင်ခြင်း သို့မဟုတ် ငြိမ်းချမ်းခြင်းရဲ့အသီးအပွင့် ရလဒ်ကောင်းတစ်ခု




ဆောင်းပါး စာမျက်နှာ » ၆

### အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘော တပ်တော်ဝင်




စာမျက်နှာ » ၁၃

စာမျက်နှာ » ၁၈၊ ၁၉

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၂၄၄၉ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၂၄၄၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းကောင်းမွန်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံဝန်ထမ်းများက နယ်မြေကွင်းဆင်းပြီး စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေး**

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး ချည်မျှင်ရှည်ဝါကို ဇွန်လအတွင်းက စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးရာ၌ ဒေသခံတောင်သူတစ်ဦးချင်းအလိုက် တစ်ဧက သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



ကြေးမုံ

# လူမှုစီးပွားမြင့်မားရေး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံအဖြစ်မှ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံ၏ အခြေအနေများအရ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့်တန်းတူ မရပ်တည်နိုင်သေးသော်လည်း သင့်တင့်လျောက်ပတ်စွာ နေထိုင်နိုင်သောနိုင်ငံဖြစ်သည်။ မျက်မှောက်ကာလ၌ ပြည်သူများ၏ လူမှုစီးပွားဘဝများတွင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိနေသဖြင့် ပြေလည်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။

ယနေ့ကာလ ပြည်သူများရင်ဆိုင်ကြုံတွေ့နေကြသည့် အခက်အခဲများမှာ အစစအရာရာတွင် အစဉ်အမြဲတက်ဈေးများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်။ ဈေးနှုန်းများတက်နေရခြင်း အဓိကအကြောင်းရင်းမှာ နိုင်ငံခြားငွေတန်ဖိုးမြင့်တက်လာခြင်းကြောင့် အထွေထွေကုန်စည်ဈေးနှုန်းများပါ လိုက်ပါမြင့်တက်လာခြင်းဖြစ်သည်။ စိန်ခေါ်မှုနှင့်ကြုံတွေ့ရသည့် အဓိကကုန်စည်မှာ စက်သုံးဆီဟုဆိုချင်သည်။ နိုင်ငံခြားငွေတန်ဖိုးမြင့်တက်မှုနှင့်အတူ စက်သုံးဆီဈေးနှုန်းလည်း လိုက်ပါမြင့်တက်လာသည်။ နိုင်ငံခြားငွေတန်ဖိုးတက်လျှင် စက်သုံးဆီဈေးနှုန်းတက်ပြီး နိုင်ငံခြားငွေတန်ဖိုးကျလျှင် စက်သုံးဆီဈေးနှုန်းကျသည်။

နိုင်ငံခြားငွေ တန်ဖိုးကျလျှင်ဖြစ်စေ၊ စက်သုံးဆီဈေးနှုန်းကျလျှင်ဖြစ်စေ စားသောက်ကုန်၊ လူသုံးကုန်ဈေးနှုန်းများမှာ ပြန်လည်ကျဆင်းလာခြင်းမရှိပေ။ ဈေးနှုန်းများပြန်ကျမလာခြင်းကို ဆန်းစစ်ကြည့်လျှင် လုပ်ငန်းရှင် (အချို့သမာအာဇီဝနှင့် စားသုံးသူပြည်သူများအား စာနာထောက်ထားသည့် လုပ်ငန်းရှင်များမပါ) အများစုသည် အမြတ်အစွန်းများများရပြီး ကိုယ်ကျိုးစီးပွားဖြစ်ထွန်းမှုကို ဦးစားပေးနေသောကြောင့်ဖြစ်သည်။ ထိုအခါ ပြည်သူများမှာ တစ်နေ့ထက်တစ်နေ့ခက်ခဲပြီး ဝယ်ယူသုံးစွဲမှုများကို လျှော့ချလာကြမည်ဖြစ်သည်။ ထိုအခါ လုပ်ငန်းရှင်များလည်း ရောင်းအားကျကာ စီးပွားရေးထိခိုက်မည်ဖြစ်သည်။ စားသုံးသူ၊ ရောင်းချသူတို့သည် အပြန်အလှန် အမှီသဟဲပြုနေသည်ကို သတိပြုရမည်ဖြစ်သည်။

အဓိကမှာ ပြည်ပသွင်းကုန်များဖြစ်လျှင် နိုင်ငံငွေတန်ဖိုးအပေါ်မူတည်ပြီး ပြည်တွင်းကုန်ပစ္စည်းများဖြစ်လျှင် စက်သုံးဆီအပေါ်တွင် မူတည်နေသည်။ လုပ်ငန်းရှင်များအနေဖြင့် အများပြည်သူတို့အပေါ် မေတ္တာစေတနာထား၍ နိုင်ငံခြားငွေတန်ဖိုးတက်လျှင် သွင်းကုန်ပစ္စည်းအပေါ် ထိုက်သင့်လျောက်ပတ်သည့် ဈေးနှုန်းတင်ပြီး နိုင်ငံခြားငွေတန်ဖိုးကျလျှင် သင့်တင့်လျောက်ပတ်စွာ ရောင်းချပေးဖို့လိုပေသည်။ စက်သုံးဆီအပေါ်အခြေခံသည့် ကုန်စည်များနှင့်ပတ်သက်၍လည်း အလားတူဖြစ်သည်။ "မလှူတတ်လျှင် ဈေးရောင်း" ဆိုသကဲ့သို့ လှူဒါန်းမှုကုသိုလ်ကို မွန်မြတ်သောစိတ်ထားဖြင့် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ရယူနိုင်ပေသည်။

အမှန်တကယ်တွင် နိုင်ငံခြားငွေ၊ စက်သုံးဆီစသည်တို့ ဈေးနှုန်းများ ကြီးမြင့်နေခြင်းသည် မြန်မာတစ်နိုင်ငံတည်း ဖြစ်နေခြင်းမဟုတ်ပေ။ ကမ္ဘာ့နိုင်ငံအများစုမှာလည်း မြန်မာနိုင်ငံနည်းတူ ရင်ဆိုင်ကြုံတွေ့နေရပေသည်။ စက်သုံးဆီ၊ စားသုံးကုန်ပစ္စည်းများမှာ ပြည်ပတွင်မြန်မာနိုင်ငံထက် အဆမတန်ဈေးကြီးပေသည်။ ကုန်ပစ္စည်းဈေးနှုန်းများမှာ မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများထက် ဈေးနှုန်းသက်သာသည်။ မြန်မာနိုင်ငံ၏ အနေအထားမှာ နိုင်ငံဖွံ့ဖြိုးမှုလိုအပ်ချက်များရှိနေသောကြောင့် တစ်ဦးချင်းဝင်ငွေတန်ဖိုး နည်းပါးနေခြင်းဖြစ်သည်။ အရေးပါသည့်နောက်တစ်ချက်မှာ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်ဝစွာဖြင့် တိုးတက်ထုတ်လုပ်နိုင်လျှင် ပြည်တွင်း၌ လောက်ငမှုလုံပိုလျှံပြီး ပြည်ပသို့ပါ တင်ပို့နိုင်သဖြင့် ဝင်ငွေတိုးကာ လူမှုစီးပွားအခွင့်အလမ်း ပွင့်လန်းလာမည်ဖြစ်သည်။

လက်ရှိအခြေအနေကို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ အစိုးရကိုသာ အပြစ်ပုံချနေသူများရှိသည်။ တိုင်းပြည်တစ်ပြည်တွင် အရေးအကြီးဆုံးမှာ စီးပွားရေးတိုးတက်ကောင်းမွန်လာရန်လိုအပ်သည်။ စီးပွားရေးကောင်းမွန်ပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတစ်ဦးချင်းစီ၏ ဝင်ငွေလည်း မြင့်မားတိုးတက်လာကာ အစစအရာရာအဆင်ပြေလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသဖြင့် စီးပွားရေးတွင် အစိုးရက အစစအရာရာ ထိန်းချုပ်နေမည်မဟုတ်ပေ။ အစိုးရအနေဖြင့် အရေးကြီးသည့်ကိစ္စများတွင်သာ ပါဝင်ဆောင်ရွက်ပေးပြီး ကိစ္စတိုင်းကို အစိုးရဖြေရှင်းနိုင်မည်မဟုတ်ပေ။ စီးပွားရေးတွင် လုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူများကလည်း အသိတရားဖြင့် ပါဝင်ဆောင်ရွက်ကြပါမှ အခက်အခဲများ ပြေလည်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အရေးကြီးသော လုပ်သင့်လုပ်ထိုက်သည်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် ခြိုးခြံချွေတာခြင်း၊ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမီစွာ ကြိုးစားထုတ်လုပ်ခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများအပေါ် စေတနာထားပြီး သမာအာဇီဝကျစွာ ရောင်းဝယ်ဖောက်ကားခြင်းစသည်ဖြင့် အဘက်ဘက်တွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက ပြည်သူများကြုံတွေ့နေသည့် အခက်အခဲများပြေလည်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ကာ အစစအရာရာတွင် အဆင်ပြေလာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဓမ္မဝိဟာရကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သံတွဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်၊ စီမံကိန်းကျေးရွာကော်မတီများဖွဲ့စည်း

သံတွဲ စက်တင်ဘာ ၃

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၂၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စီမံကိန်းကော်မတီဖွဲ့စည်းခြင်းများအား ဆောင်ရွက်လျက်ရှိသည်။

သံတွဲမြို့နယ်၌ အောက်နတ်မော်ကျေးရွာ၊ ပေါက်တော၊ ချောင်းလယ်၊ အလယ်တောင်၊ လက်ပံစု၊ စာနီတောင်၊ အထက်နန်းချောင်း၊ ကျားကိုက်၊ မဒေး၊ စလူကျွန်းများချောင်း(ရွာမ)၊ ကျောင်းတောင်၊ ဒါးသွေးကျောက်၊ ကြိမ်ချောင်း၊ သုံးပင်ဆိုင်၊ ဂုံးစရစ်၊ အုန်းမော်၊ လင်းမူးတောင်၊ ဒေါင်းပြင်၊ ခြံပြင်၊ ရွှေလှေကျေးရွာများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာစီမံကိန်းကော်မတီဖွဲ့စည်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကျေးရွာအလိုက် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

လက်ရှိတွင် သာယာကုန်းကျေးရွာ၌ Cash For Work အစီအစဉ်ဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်း အလျားပေ ၄၀၀ ၊ နှစ်ဖက် အကျယ် နှစ်ပေနှင့် ဒု ခြောက်လက်မ ဆောင်ရွက်ခြင်း၊ မြေသားရေကန်အနက်တူးဖော်ခြင်း၊ ရွှေလှေကျေးရွာ၌ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကျွဲကူးကျေးရွာတွင်းလမ်းချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ငွေကြယ်

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိပါတ်တော်လာဇာတ်သဘင်မဟာ အစီအစဉ်မှ “တံခါးမှူးဒတ္တဇာတ်တော်” အထူးတင်ဆက်မှုအစီအစဉ် ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုအားပေး





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မကြာမီရိုက်ကူးထုတ်လွှင့်မည့် “နိပါတ်တော်လာ ဇာတ်သဘင်မဟာ” အစီအစဉ်မှ “တံခါးမှူးဒတ္တဇာတ်တော်” ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မကြာမီ ရိုက်ကူးထုတ်လွှင့်မည့် “နိပါတ်တော်လာ ဇာတ်သဘင်မဟာ” အစီအစဉ်မှ “တံခါးမှူး ဒတ္တဇာတ်တော်” အထူးတင်ဆက်မှုအစီ အစဉ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

အဆိုပါအထူးအစီအစဉ် တင်ဆက်မှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးကိုကို၊ ဦးသောင်း ဟန်၊ ဦးရွှေလေး၊ ဦးစောထွန်းအောင်မြင့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် သတင်းထုတ်လွှင့်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ထုတ်လွှင့်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။

ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦး လွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံ ကြားသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိ ကြရာ သတင်းနှင့်အစီအစဉ် တင်ဆက်သူ များ၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း နှင့် မြန်မာ့အသံရေဒီယို ဝန်ထမ်းများ က ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုလေ့လာ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ နှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင် သံကြား ပင်မအဆောက်အအုံအတွင်းရှိ Convergence News Room၊ Presentation Room၊ News Studio တို့၌ သတင်းထုတ်လွှင့်ရေးပြင်ဆင် ဆောင်ရွက်နေမှုနှင့် ထုတ်လွှင့်နေမှုအခြေ အနေများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိန်ရတုပြတိုက်သို့ ရောက် ရှိကြရာ ပြတိုက်အတွင်းရှိ Mini Theatre ၌ စိန်ရတုပြတိုက် သမိုင်းကြောင်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ် အဆက်ဆက် ရုပ်မြင်သံကြားထုတ်လွှင့် ရေးတွင်အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ ထုတ်လွှင့်ရေးယာဉ်များ၊ သတင်းနှင့် ပြန်ကြားရေးပြခန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုမှတ်တမ်းဓာတ်ပုံ များ၊ ထင်ရှားကျော်ကြား MRTV မှ ကြယ်ပွင့်များ ဓာတ်ပုံမှတ်တမ်းများ၊ အဆောက်အအုံပုံစံငယ်များ၊ တာဝါတိုင် ပုံစံငယ်များ၊ ရှေးဟောင်းဓာတ်ပြားများ၊ တူရိယာပစ္စည်းများ၊ Radio Master Control Room နှင့် Virtual Room များကို ကြည့်ရှုလေ့လာကြသည်။

**ကပြဖျော်ဖြေ**

ယင်းနောက် Auditorium ၌ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်ပြီး ဧည့်သည်အဆိုတော် သရုပ်ဆောင် အကယ်ဒမီရဲအောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း များနှင့် တွဲဖက်၍ တေးသီချင်းဖြင့် သီဆို ဖျော်ဖြေ တင်ဆက်သည်။

ယင်းနောက် ဇာတ်သဘင် အနုပညာရှင်များဖြစ်ကြသော ဈာန်ဟိန်း (စိန်မဟာသဘင်)နှင့် ရွှေမင်းသမီးလေး နန်းခင်မွေးတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး တင်မောင်ဆန်းမင်းဝင်း၊ ဈာန်ဟိန်း၊ ဘွန်း၊ ဆန်းတင့်အောင်နှင့် မင်းသမီးများက မြိုင်ထနစ်ပါးသွား အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က တံခါးမှူးဒတ္တ ဇာတ်တော်ဖြစ်ပေါ်လာပုံ ရည်ရွယ်ချက် တို့ကို ရှင်းလင်းတင်ပြပြီး ဇာတ်တော်တွင် ပါဝင်သည့် သဘင်အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားတွင် ရိုက်ကူးထုတ်လွှင့်မည့် “နိပါတ်တော်လာ ဇာတ်သဘင်မဟာ” အစီအစဉ်မှ “တံခါးမှူးဒတ္တ ဇာတ်တော်” ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဇာတ်တော်ကြီးမှာ တိုင်းပြည် တစ်ပြည်မှ ဝန်ထမ်းတစ်ဦး၏ အကျင့်ပျက် ခြစားမှုကို ဖော်ထုတ်ခဲ့သည့် ပညာပေး ဇာတ်တော်ဖြစ်သည်။ တိုင်းပြည်/ နိုင်ငံတစ်နိုင်ငံရှိ ဝန်ထမ်းတိုင်း ကိုယ့် တိုင်းပြည်အပေါ် သစ္စာရှိပြီး ချစ်မြတ်နိုး တတ်စေရန် ရည်ရွယ်၍ ဝန်ထမ်းကောင်းမှ တိုင်းပြည်/နိုင်ငံ ကောင်းမည်ဆိုသည့် အသိပညာဗဟုသုတများ ပါဝင်သကဲ့သို့ လာဘ်ပေးလာဘ်ယူခြင်းဖြင့် မိမိဘဝ ထိခိုက်နိုင်ပုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းဖြင့် မိမိဘဝတိုးတက် မြင့်မားပုံတို့ကို သရုပ်ဖော်တင်ဆက်ထား သည်။

“တံခါးမှူးဒတ္တ” ဇာတ်တော်ကြီးတွင် တံခါးမှူး ဒတ္တအဖြစ် တင်မောင်ဆန်း မင်းဝင်း၊ တံငါသည်အဖြစ် ဘွန်း၊ ဗြဟ္မဒတ် မင်းကြီးအဖြစ် ဆန်းတင့်အောင်၊ မိဖုရား အဖြစ် ချမ်းချမ်းမိုး၊ တံခါးမှူး၏ ဇနီးအဖြစ် ငြိမ်းချမ်းခိုင်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင် ထားကြသည်။

တံခါးမှူး ဒတ္တ ဇာတ်တော်ကြီးအား ဇာတ်ညွှန်း မုံရွာဦးလေးခန့်၊ စီစဉ်သူ ပတ္တမြားကေခိုင်တို့က ရိုးရာသဘင်မှု၏ အစဉ်အလာ၊ အထောက်အထား မှန်ကန်မှု ရှိစေရန်နှင့် ဇာတ်တော်ကြီး၏ သမားစဉ် များနှင့် ကိုက်ညီမှုရှိစေရန် စီစဉ်တင်ဆက် ထားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး များနှင့် ဧည့်သည်တော်များက “တံခါးမှူး ဒတ္တ” ဇာတ်တော်ကြီးတွင် ပါဝင်ခဲ့ကြ သည့် သဘင်အနုပညာရှင်များနှင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် MRTV မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက် လာသည့် ဧည့်သည်တော်များအား မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားက အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေ ဖြင့် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာတွင် ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များကိုလည်း ထိန်းသိမ်း စောင့်ရှောက်သည့်အနေဖြင့် အပတ်စဉ် စနေနေ့တိုင်း (၃၈)ဖြာမင်္ဂလာ အစီအစဉ်ကို သဘင်ပညာရှင် ဦးနန်းဝင်း နှင့် ပူးပေါင်းကာ ဆန်းသစ်တီထွင်ပြီး တင်ဆက်လျက်ရှိသည်။ အဆိုပါ အစီအစဉ် သည် လူငယ်လူရွယ်များနှင့် ကလေးငယ် များ ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်သည့် အပြင် ဇာတ်သဘင်လောကသားများကို လည်း အနုပညာလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် အားပေးကူညီခြင်းဖြစ်သည်။

အလားတူ ဘုရားဟောနိပါတ်တော် လာဇာတ်လမ်းများအနက်မှ ခေတ်စနစ် နှင့်ကိုက်ညီပြီး လူ့လောက၏ စံထားစရာ များဖြစ်သည့် သစ္စာတရားအလေးထား အပ်ပုံ၊ ကိုယ်ကျင့်တရားကောင်းမွန်ရန် အရေးကြီးပုံ၊ ပညာစွမ်းအားကြီးမားပုံ တို့ကို ဖော်ပြသည့် ဇာတ်တော်များကို သဘင်ပညာရှင် ပတ္တမြားကေခိုင်နှင့် ပူးပေါင်းကာ အပိုင်း ၂၀ ရိုက်ကူးပြီး တင်ဆက်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရွှေဘိုငါးလုပ်ငန်းစခန်း၏ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ရွှေဘို စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင် ဦးစီးဌာနမှူး ဒေါ်သင်းသင်းဦးနှင့် ဝန်ထမ်းများသည် ယမန်နေ့တွင် ရွှေဘိုငါးလုပ်ငန်းစခန်းသို့ သွားရောက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၁၈၈၅ ပေ သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက် နေမှုအခြေအနေနှင့် သာမန်အသုံးစရိတ်ခွင့်ပြု ရန်ပုံငွေဖြင့် ကန်အမှတ် (N6) ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေ အနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ခရိုင်ဦးစီးဌာနမှူးက စခန်းသန့်ရှင်းသာယာရေးနှင့် စခန်းလုံခြုံရေး အား အလေးထားဆောင်ရွက်ကြရေး၊ ငါးမျိုးစိုက်ထုတ်လုပ်မှုလျာထား ချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလ အချိန်မီအမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေး၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား အရည်အသွေးပြည့်မီစေရေးနှင့် လုပ်ငန်းစစ်ဆေးခံနိုင်အောင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြစေရေး လမ်းညွှန်မှုပြုခဲ့ပြီး ရွှေဘိုငါးလုပ်ငန်း စခန်း တာဝန်ခံ ဦးဇော်ဝင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြခြင်း များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စားရေးဝတ်ရေးဖူလုံစေရန်နှင့် တောင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စားရေးဝတ်ရေးဖူလုံစေရန်နှင့် တောင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရန်တို့အတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေမည့် မူဝါဒများဖြစ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ်များမှ ဝါသီးနှံနှင့် နေကြာသီးနှံစိုက် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်သူ၊ သွင်းအားစုရောင်းချသူနှင့် ကြိတ်ခွဲရောင်းချသူများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့် မျှတသောကုန်သွယ်မှု အကျိုးအမြတ်ခွဲဝေခံစားသည့် အလေ့အထကောင်းများ ဖော်ဆောင်ပေးနေခြင်းဖြစ်၍ သက်ဆိုင်သူအားလုံးတို့က ညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက်သာမက နိုင်ငံတကာတွင်ဖြစ်ပေါ်နေသော စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက တောင်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံ၏ ပို့ကုန်တိုးတက်ရေးကိုပါ ဖြည့်ဆည်းနိုင်မည့် အချိန်အခါကောင်းဖြစ်ကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီတွင် နွေစပါးနှင့် ဆောင်းပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုအတွက် အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသကဲ့သို့ လာမည့်နှစ် ဝါစိုက်ပျိုးရာသီတွင် ဝတ်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်နေသည့် ဝါသီးနှံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်၍ တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း ထည့်သွင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တောင်သူများ၊ လုပ်ငန်းရှင်များက ဝါသီးနှံနှင့် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် မျိုးသန့်လွှမ်းခြုံရေး၊ သီးနှံဈေးနှုန်း သင့်တင့်မျှတရေး၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားလုပ်ငန်းရှင်တစ်ဦး၏ မျိုးဝါစေ့အတွက် ဝါကြိတ်လုပ်ငန်းနှင့် ဝါစေ့ဆီကြိတ်စက်ရုံတို့ကို ကြည့်ရှုအားပေးသည်။

စက်တင်ဘာ ၂ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စီပင်စိုက်ပျိုးရေးသုတေသနခြံ၏ ဆင်းရွှေကြာ-၂ မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းမြင့်မားသော သီးနှံမျိုးစေ့များ ပွားများထုတ်လုပ်ရာတွင် ဌာနခြံမှ မိဘမျိုးများကိုသာ ထုတ်လုပ်ပြီး ဆင့်ပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ ပွားများထုတ်လုပ်ခြင်းကို မျိုးသန့်ခြံများ၊ မျိုးစေ့ထုတ် လုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ် လုပ်ငန်းအတွေ့အကြုံရှိသော အကျိုးဆောင်တောင်သူများမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် မျိုးစေ့စီးဆင်းမှုလမ်းကြောင်း မှန်ကန်စေရေးနှင့် ကျယ်ပြန့်ထိရောက် မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းဖြစ်စေရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် သုတေသနခြံမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် ဒေသ၏ ရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းမြင့်မားသော သီးနှံမျိုးသစ်များရရှိရေးနှင့် သီးနှံပုံစံများကို သုတေသနပြုဖော်ထုတ်နေမှုများ၊ သီးနှံအလိုက် အကျိုးအမြတ်အများဆုံးရရှိမည့် စိုက်ပျိုးနည်းစနစ်များ၊ ဆင်းရွှေကြာ-၂ မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ပဲတီစိမ်းသီးနှံ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းပါဝင်ရန် လိုအပ်

နေပြည်တော် စက်တင်ဘာ ၃

လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး၊ ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လူမှုအကာအကွယ်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို ဝန်ကြီးဌာနမှ အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနှင့် ဒေသတွင်းအခြေအနေများကြောင့် ပိတ်သိမ်းခဲ့ရသည့် စက်ရုံ၊ အလုပ်ရုံများရှိသကဲ့သို့ အသစ်ပြန်လည်ဖွင့်လှစ်သည့် စက်ရုံ၊ အလုပ်ရုံများရှိသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနေကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ ဆက်လက်ပိတ်သိမ်းရပါက ကာယကံရှင်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သဖြင့် ကုန်အမှာစာပုံမှန်ရရှိပြီး စက်ရုံများလည်ပတ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမှသာ ကုန်ထုတ်လုပ်မှုကို စံချိန်မီ၊ အရည်အသွေးမီ ထုတ်လုပ်တင်ပို့နိုင်ပြီး အမှာစာများရရှိကာ အလုပ်ခွင်မပျက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အသင်းအဖွဲ့များမှ တက်ရောက်လာသူများက လတ်တလော တွေ့ကြုံရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေး လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ် အကျိုးတူလယ်ယာမြေစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများနှင့် တွေ့ဆုံ

ရေကြည် စက်တင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် သမဝါယမဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးတူလယ်ယာစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက စိမ်းလဲ့ရေကြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက တောင်သူများအနေဖြင့် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ဆင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုလို ကြိုတင်ကွင်းဆင်းရခြင်းဖြစ်ကြောင်းနှင့် ရာသီအလိုက် စိုက်ပျိုးသီးနှံများစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် ငွေကြေး အကျိုးခံစားခွင့်များနှင့် မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေနိုင်မည် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက အကျိုးတူလယ်ယာစနစ်ဖြင့် သမဝါယမအသင်းသား တောင်သူများ၏ ပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်မည့် စီမံကိန်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းခြင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးက တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများက အကျိုးတူ လယ်ယာစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးရန် စီစဉ်လျာထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူ သိန်းဇော်ရွှေလီဦးနှင့် တောင်သူလှနိုင်စိုးတို့က ပဲတီစိမ်းစိုက်ပျိုးရန်အတွက် လိုအပ်သည့် အချက်များနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်နိုင်ရေးကိုလည်း ရှင်းလင်းတင်ပြခဲ့ကြသည်။ ရေကြည်မြို့နယ်အနေနှင့် အကျိုးတူ လယ်ယာစနစ်ဖြင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ရန် အသင်းဖွဲ့ပြီး ဆောင်ရွက်လိုသည့် တောင်သူဦးရေမှာ ၄၉၇ ဦးရှိပြီး စိုက်ဧကမှာ ၁၃၄၀ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၃**

ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်အစိုးရမှ အစီအစဉ်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်၌ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီများနှင့်တွေ့ဆုံစဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ အထူးစီးပွားရေးဇုန်များ၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံသူများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုအပ်သည့်အစီအစဉ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုခဲ့ပြီး Wilmar Myanmar Limited မှ ပြည်ပသို့ အဆင့်မြင့်ဆန်များ တင်ပို့နိုင်ရေးအတွက် ခေတ်မီဆန်စက်ဖြင့် ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည့်အခြေအနေ၊ စားသုံးဆီ အဆင့်မြင့်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့်အခြေအနေနှင့် ဖွဲ့နုဆီထုတ်လုပ်သည့်စက်ရုံ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* **ရှေ့ဖုံးမှ**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့မှ ထွက်ရှိသည့် ကြက်ဥအလုံး ၁၅၁၂၀၊ ကြက်သား ၃၀၇ ပိဿာ၊ ဝက်သား ၂၄၈ ပိဿာ၊ ငါးမျိုးစုံ ပိဿာ ၂၄၃ ဒသမ ၅၀၊ အာလူး ၂၀၆ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၃၄၅ ဒသမ ၅၀၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၁ သိန်းကျော်တို့ကို ဝန်ကြီးဌာနများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်းရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

**ရောင်းချပေးနိုင်ခဲ့**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများနှင့် ရေဆင်းတက္ကသိုလ်ရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများကို ၂၀၂၀ ခုနှစ် စက်တင်ဘာလမှ စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ကာ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ကြက်ဥအလုံး ၁၃၆၈၄၀၊ ကြက်သား ပိဿာ ၃၈၇၂ ဒသမ ၅၀၊ ဝက်သား ပိဿာ ၂၉၀၄ ဒသမ ၅၀၊ ငါးမျိုးစုံ ပိဿာ ၂၈၀၀ ဒသမ ၅၀၊ အာလူး ၃၀၂၈ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၃၉၃၀ ဒသမ ၅၀၊ ဟင်းသီးဟင်းရွက် ပိဿာ ၂၃၀ နှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၈၄၀ ကျော်ကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ **ပွင့်ဖြူမြို့နယ်မှ**

မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး ဖြန့်ဖြူးဆောင်ရွက်ပေးသည့်အပြင် စိုက်ပျိုးရေး နည်းပညာနှင့် သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ အသုံးပြုတတ်စေရေး ပံ့ပိုးကူညီပေးခြင်း၊ တောင်သူများကိုယ်တိုင် ချည်မျှင်ရှည်ဝါသီးနှံ မျိုးကောင်းမျိုးသန့်များ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မျိုးစေ့ထုတ်နည်းစနစ်များ အသိပညာပေးခြင်းများကို နယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းများက စိုက်ပျိုးလယ်မြေများသို့ ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးခြင်းကို ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျွဲတိကျေးရွာ၊ ကုလားဟောင်းကျေးရွာနှင့် ရေပုတ်ကလေးကျေးရွာတို့တွင် ဒေသခံတောင်သူများက အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ တစ်မြို့နယ်လုံး ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးဧကအနေဖြင့် ၂၄၄၉ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကာ ဩဂုတ်လကုန်အထိ ချည်မျှင်ရှည်ဝါသီးနှံဧက ၇၂၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်းနှင့် သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် ဒေသခံတောင်သူများက ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၃**

တရားရုံးအသုံးပြုသူ ပြည်သူများအနေဖြင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် တရားရုံးအဆောက်အအုံသစ်ကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို ဖွဲ့မာန်ဟုန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပင်မရုံးအဆောက်အအုံမှာ အနံ ၉၆ ပေ၊ အလျားပေ ၁၂၀ ရှိ သံကူကွန်ကရစ်လေးထပ်အဆောက်အအုံဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တရားရုံး ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဦးမြတ်ကိုကိုက အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားသူကြီး ဦးစည်သူကျော်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့ထံ အထိမ်းအမှတ်ဖန်သားတံဆိပ်တုံး၊ အထိမ်းအမှတ်အလံငယ်များ ပေးအပ်ပြီးနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားသူကြီး ဦးစည်သူကျော်က ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးမှုလျာထားချက်ပြည့်မီရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ညောင်တုန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများတွင် ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးမှုလျာထားချက်ပြည့်မီရေးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



**ဆွေးနွေးပြောကြား**

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ၂၀၂၂-၂၀၂၃ ခုနှစ် ဆီထွက်သီးနှံ(နေကြာ) စိုက်ဧကများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အခြားနည်းခွင့်ပြုမှုမရရှိဘဲ မစိုက်ပျိုးဘဲထားရှိသည့်ဧကများမရှိစေရေး စသည့်အကြောင်းအရာများကို စည်းရုံးဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံ၍ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေး၊ ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံခြားငွေအသုံးပြုမှု လျော့နည်းသက်သာလာစေရေး စသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ နည်းစနစ်မှန်ကန်စွာ မြေပြုပြင်ပေးရေး၊ ဆောင်းသီးနှံနေကြာ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး စည်းရုံးဆွေးနွေးရာ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ကြီး-ဘန်းယဉ်ရထားပြေးဆွဲမှု ပြန်လည်စတင်နိုင်ခြင်း သို့မဟုတ် ငြိမ်းချမ်းခြင်းရဲ့အသီးအပွင့်ရလဒ်ကောင်းတစ်ခု

■ အာကာမောင်မောင်

တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ်(၁၅၃)အဆန် အမှတ်(၁၅၄)အစုန်ရထား ပြန်လည်ပြေးဆွဲခြင်း အခမ်းအနားဖွင့်လှစ်ခြင်းသတင်းကို စက်တင်ဘာ ၁ ရက်နေ့ည မြဝတီရုပ်မြင်သံကြားသတင်းတွင် တွေ့မြင်လိုက်ရပါတယ်။ မီးရထားလမ်းပိုင်းဖွင့်လှစ်ခြင်းသတင်းဟာ သာမန်သတင်းတစ်ပုဒ်လို့ ထင်ရပေမယ့် စာရေးသူအတွက်ကတော့ တကယ့်ကို ကြည်နူးချမ်းမြေ့ဖွယ်သတင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကြီး-ဆိုက်ခေါင်ဒေသဆိုတာ ဟိုးအရင်က အလွန်ပဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသတစ်ခုဖြစ်ခဲ့လို့ပါပဲ။

**ကောင်းကျိုးတွေများပြား**

ဒီလိုလမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ဒေသတွေကို လမ်းပန်းဆက်သွယ်မှုလွယ်ကူအောင်၊ ဒေသနေတိုင်းရင်းသားတွေရဲ့ လူနေမှုဘဝမြင့်မားတိုးတက်အောင်လုပ်ဆောင်ပေးတဲ့အရာတွေထဲမှာ မီးရထားဟာ အဓိကကျလှပါတယ်။ မီးရထားနဲ့ ခရီးသွားလာရတာဟာ သက်သာချောင်ချိမှုရှိပြီး ကောင်းကျိုးတွေများပြားလှပါတယ်။ လူအများကို တစ်ပြိုင်တည်း တင်ဆောင်နိုင်သလို ကုန်ပစ္စည်းအများအပြားကိုလည်း တင်ဆောင်နိုင်ပါတယ်။ ကောင်းကျိုးတွေဟာ ရေးပြလို့မကုန်နိုင်အောင်ပါပဲ။ တွေ့မြင်လိုက်ရတဲ့ သတင်းမှာတော့ တောင်ကြီး-ဘန်းယဉ် ရထားလမ်းပိုင်းမှာ ပြေးဆွဲမယ့်ရထားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရထားပေါ်မှာစီးနင်းလိုက်ပါကြတဲ့ ခရီးသွားပြည်သူတွေကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းတွေပေးနေတာကို မြင်တွေ့လိုက်ရပါတယ်။ ခရီးသည်တွေရဲ့ ရွှင်ပြုံးနေတဲ့ မျက်နှာတွေဟာ သူတို့ရဲ့ဝမ်းသာမှုကို ဖော်ပြနေတာပါပဲ။ ခရီးသည်အများစုကတော့ ပအိုဝ်းတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒီဒေသဟာလည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပါတယ်။ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နဲ့ ပင်လောင်းမြို့နယ်တို့ဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ ဖြစ်ပါတယ်။ ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းလှတဲ့ ပအိုဝ်းတိုင်းရင်းသားဝတ်စုံလေးတွေနဲ့ ခရီးသွားတွေကိုမြင်လိုက်ရတော့ ဒီလိုမျိုး ရထားပြေးဆွဲပေးတဲ့အတွက် သူတို့ရင်ထဲမှာ ဘယ်လောက်များဝမ်းသာနေလိမ့်မလဲလို့ တွေးမိပါတယ်။ စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ အခု ရထားလမ်းဖွင့်လှစ်တဲ့ဒေသတွေကို အကြိမ်များစွာ ရောက်ခဲ့ဖူးပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ရင်ထဲက ဝမ်းသာကြည်နူးမှုကို မှန်းဆနိုင်တာပါ။

ငြိမ်းချမ်းခြင်းရဲ့ တန်ဖိုး၊ ငြိမ်းချမ်းခြင်းရဲ့ အရသာကို သူတို့စံစားနေပြီလေ။ နိုင်ငံတော်စီမံ




တောင်ကြီး-ဘန်းယဉ် ရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသည့် ရထားတစ်စင်းကို တွေ့ရစဉ်။
တောင်ကြီး(ပြန်/ဆက်)

အုပ်ချုပ်ရေးကောင်စီဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တိုင်းပြည်ကို စတင်တာဝန်ယူခဲ့ပါတယ်။ တာဝန်ယူပြီးတာနဲ့ နိုင်ငံတော်အတွက် တစ်နည်းအားဖြင့် တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှနေ၍ အစွမ်းကုန်ဆောင်ရွက်နေတာတွေကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်နေသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှာလည်း တိုင်းရင်းသားခေါင်းဆောင်အများအပြား ပါဝင်ဖွဲ့စည်းထားပါတယ်။

**ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ အဓိကအကျဆုံးကတော့ ငြိမ်းချမ်းရေးပါပဲ။ အရာရာတိုင်း၊ ကိစ္စရပ်တိုင်း အောင်မြင်မှုရှိအောင် လုပ်ဆောင်ဖို့ဆိုရင် ငြိမ်းချမ်းရေးဟာ အဓိကပါပဲ။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် တစ်နိုင်ငံလုံးလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းဖို့လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး ကြိုတင်ကန့်သတ်ချက်မထားဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ပါတယ်။ လက်ရှိအဖွဲ့ ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တွေ့ဆုံပြီး နှစ်ဖက်အမြင်နဲ့ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆွေးနွေးနေတဲ့အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အောင်မြင်လျက်ရှိပါတယ်။ လက်ရှိမှာ ပထမအကြိမ်ဆွေးနွေးပြီးနောက် ဒုတိယအကြိမ် ထပ်မံဆွေးနွေးလျက်ရှိပါတယ်။

အဲဒီငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) အဖွဲ့လည်း ပါဝင်ပါတယ်။ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှ ဇွန် ၁၈ ရက်အထိ ပထမအကြိမ်ဆွေးနွေးခဲ့ပြီး ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ ဒုတိယအကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့ငြိမ်းချမ်းရေးဆွေးနွေးမှုရလဒ်တွေကြောင့် လက်ရှိအခြေအနေကို အမှန်အတိုင်း သုံးသပ်ပြရရင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အေးချမ်းသာယာလျက်ရှိပါတယ်။ စက်တင်ဘာ ၁ ရက်မှာဖွင့်လှစ်လိုက်တဲ့ တောင်ကြီး-ဘန်းယဉ် ရထားပြေးဆွဲမှုကို ပြန်လည်စတင်နိုင်ခြင်းဟာ ငြိမ်းချမ်းခြင်းရဲ့သက်သေတစ်ခုလို့ ပြောနိုင်ပါတယ်။

တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းမှာရှိတဲ့ တောင်ကြီးကနေ ဘန်းယဉ်အထိ ၃၃ ဒသမ ၇၁ မိုင် ပြန်လည်ဖွင့်လှစ်ပြီး အမှတ်(၁၅၃)အဆန်၊ (၁၅၄)အစုန်ရထားတွေ ပြန်လည်ပြေးဆွဲတဲ့အတွက် ဒေသခံပြည်သူတွေ ခရီးသွားလာမှုတွေ အဆင်ပြေသွားပါတယ်။ အဆင်ပြေသွားပါတယ်ဆိုတာထက် အများကြီးအဆင်ပြေပါတယ်လို့ ဆိုနိုင်ပါတယ်။ ဒေသထွက်ကုန်တွေဖြစ်တဲ့ နေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်သီး စတဲ့ သီးနှံတွေကို ရထားနဲ့ တောင်ကြီးမြို့ပေါ်အထိ တင်ပို့ရောင်းချနိုင်ပါတယ်။ ဒေသထွက်ကုန်အပြင် အခြားကုန်ပစ္စည်းတွေကိုလည်း ရထားနဲ့ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်တဲ့အတွက် ကုန်ကျစရိတ် လွန်စွာသက်သာလှပါတယ်။

**ငါးရက်တစ်ဈေး ဈေးနေ့တိုင်း ပြေးဆွဲ**

မြန်မာနိုင်ငံ ဒေသအသီးသီးကလာတဲ့ ဧည့်သည်တွေ၊ ဒေသခံပြည်သူတွေဟာ ရထားစီးပြီး မွေတော်ကက္ကူဘုရားကို လွယ်လွယ်ကူကူ သွားရောက်ဖူးမြော်နိုင်ကြပါတယ်။ ရထားပြေးဆွဲရာမှာ အမှတ်(၁၅၄)အစုန် လူစီးကုန်တင်ရထားဟာ ဘန်းယဉ်မှ ၀၅:၃၀ နာရီအချိန် ထွက်ခွာပြီး တောင်ကြီးကို ၀၈:၀၀ နာရီအချိန် ရောက်ရှိမှာဖြစ်ပါတယ်။ လမ်းခရီးတစ်လျှောက် ဘူတာများအနေနဲ့ ကက္ကူရုပ်စခန်း၊ ဟမ်းဆီးဘူတာ၊ နောင်ကားရုပ်စခန်း၊ ဖာမွန်းဘူတာတွေမှာရပ်ပေးမှာဖြစ်ပြီး တောင်ကြီးဘူတာကနေ ၁၄:၃၀ နာရီအချိန်မှာ ပြန်လည်ထွက်ခွာပြီး ဘန်းယဉ်ဘူတာသို့ ၁၆:၅၀ နာရီအချိန် ပြန်လည်ရောက်ရှိမှာဖြစ်ပါတယ်။ စတင်ပြေးဆွဲချိန်မှာ တောင်ကြီးဈေးနေ့ ငါးရက်တစ်ဈေး ဈေးနေ့တိုင်း ပြေးဆွဲပေးမှာဖြစ်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်အပေါ်ကြည့်ပြီး တိုးချဲ့ပြေးဆွဲပေးနိုင်အောင်လည်း ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီရထားလမ်းပိုင်းမှာ ထူးခြားတာတစ်ခုရှိပါတယ်။ ဒါကလည်း နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့စက်ရုံတစ်ရုံဟာ တောင်ကြီးမြို့နယ် ပင်းပက်ဒေသမှာ တည်ရှိပါတယ်။ အဲဒီစက်ရုံကတော့ တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးမှာတည်ရှိတဲ့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ဖြစ်ပါတယ်။ သံကျောက်ရိုင်းတွေကနေ သံအကောင်းစားသံမဏိတွေကို ကိုယ်ပိုင်ထုတ်လုပ်နိုင်တဲ့ စက်ရုံတစ်ခုဖြစ်ပါတယ်။ နောင်ကားလမ်းခွဲဘူတာ-ပင်းပက်လမ်းပိုင်းဟာ တောင်ကြီး- ဆိုက်ခေါင် ရထားလမ်းပိုင်းမှာ ရှိနေတာမို့ အခုလိုမျိုး ရထားပြေးဆွဲပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ကြိုးပမ်းမှုနဲ့ ငြိမ်းချမ်းရေးရရှိနေခြင်းရဲ့ ကောင်းကျိုးတွေပဲ ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုတဲ့အတိုင်း ပအိုဝ်းက ၄၀ ဒသမ ၁၆ ရာခိုင်နှုန်း၊ ရှမ်းက ၆ ဒသမ ၄၃ ရာခိုင်နှုန်း၊ ဗမာက ၃၈ ဒသမ ၁၇ ရာခိုင်နှုန်းနဲ့ အခြားတိုင်းရင်းသားတွေက ၁၅ ဒသမ ၂၄ ရာခိုင်နှုန်းခန့် နေထိုင်ကြတာဖြစ်ပါတယ်။ ဒေသမှာထွက်ရှိတဲ့ သီးနှံတွေကတော့ ထောပတ်သီး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ နာနတ်၊ နေကြာနဲ့ ဟင်းသီးဟင်းရွက်အစုံ ထွက်ရှိပါတယ်။ မွေးမြူရေးအနေနဲ့ ကြက်၊ ဝက်နဲ့ နွား မွေးမြူကြပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြင်းထန်နေတဲ့အချိန်တုန်းက ဒေသထွက်ကုန်ပစ္စည်းတွေ ပို့ဆောင်ဆက်သွယ်မှုမလွယ်ကူလို့ ရောင်းဝယ်မှုရပ်တန့်နေတာမျိုးကြုံခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း တပ်မတော်က သတ်မှတ်ကာလပေါက်ဈေးအတိုင်း ဝယ်ယူပေးခဲ့ပါတယ်။ အခုလို မီးရထားပြေးဆွဲနေပြီဖြစ်တဲ့အတွက် ပို့ဆောင်ဆက်သွယ်မှုအခက်အခဲတွေလည်း ပြေလည်လာမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်မှာ ပထမဆုံးအချက်အနေနဲ့ သတ်မှတ်ထားတာကတော့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် အခုလို မီးရထားဖွင့်လှစ်ပေးလိုက်တာဟာ ဒေသခံပြည်သူတွေအတွက်တော့ ကောင်းမွန်တဲ့ ဆုလာဘ်ကြီးတစ်ခုလို့ ပြောဆိုနေကြပါတယ်။ တောင်ကြီးမြို့မှာ လူဦးရေ ၂၃၃၈၄၂ ဦးခန့်နဲ့ ကျေးလက်နေလူဦးရေဟာ ၁၇၀၇၆၉ ဦးခန့် နေထိုင်ကြတာမို့ စုစုပေါင်းလူဦးရေ ၄၀၄၆၁၁ ဦးခန့်ရှိတဲ့ ဒေသတစ်ခုလို့ ခန့်မှန်းနိုင်ပါတယ်။

နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာမှာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးဟာလည်း အဓိကအခန်းကဏ္ဍက ပါဝင်ပါတယ်။ စက်သုံးဆီချွေတာရေးအတွက် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်များနဲ့ ခရီးသွားလာရန်လိုအပ်နေချိန်မှာ မီးရထားနဲ့ခရီးသွားခြင်းဟာ အကောင်းမွန်ဆုံးအခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခံတိုင်းရင်းသားတွေဟာ ကုန်ကျစရိတ်သက်သာစွာ ရထားနဲ့ခရီးသွားလာနိုင်ပြီး ဒေသထွက်ကုန်တွေကိုလည်း မြို့ပေါ်အထိသယ်ယူပို့ဆောင်ပြီး ရောင်းချနိုင်ပြီဖြစ်ပါတယ်။ ရထားနဲ့ သယ်ယူပို့ဆောင်ခြင်းဟာ စရိတ်စကနည်းတဲ့အတွက် ဒေသခံပြည်သူတွေ အကျိုးအမြတ်ပိုမိုရရှိစေမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကြီးမှာ တက္ကသိုလ်ရှိနေတဲ့အတွက် အဆင့်မြင့်ပညာသင်ကြားနေသူတွေအတွက် ရထားခရီးစဉ်နဲ့ သွားလာမှုလွယ်ကူတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှာ **စာမျက်နှာ ၇ သို့ »»»**

**“စက်သုံးဆီချွေတာရေးအတွက် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်များနဲ့ ခရီးသွားလာရန်လိုအပ်နေချိန်မှာ မီးရထားနဲ့ခရီးသွားခြင်းဟာ အကောင်းမွန်ဆုံး အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခံတိုင်းရင်းသားတွေဟာ ကုန်ကျစရိတ်သက်သာစွာ ရထားနဲ့ ခရီးသွားလာနိုင်ပြီး ဒေသထွက်ကုန်တွေကိုလည်း မြို့ပေါ်အထိ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီဖြစ်ပါတယ်။ ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းဟာ စရိတ်စကနည်းတဲ့အတွက် ဒေသခံပြည်သူတွေ အကျိုးအမြတ် ပိုမိုရရှိစေမှာလည်းဖြစ်”**

»» စာမျက်နှာ ၆ မှ

တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းအား ရထားပြန်လည်ပြေးဆွဲနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ပြုပြင်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးမှ ဆိုက်ခေါင်အထိ ၄၀ ဒသမ ၆၇ မိုင်ကို ပြုပြင်ရာမှာ ကွန်ကရစ်ဇလီဖားတုံး ၅၈၇၈၀၊ လမ်းခင်းကျောက် ၁၀၇၇၃ ကျင်းဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။ လမ်းမြောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဆက်ညှိခြင်း၊ လမ်းဘေးဝဲယာတောများ ခုတ်ထွင်ရှင်းလင်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေဟာ ရထားလမ်းပိုင်း ကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

## ပြန်လည်ပြေးဆွဲ

၂၀၂၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပြုပြင်ပြီးပြီဖြစ်သဖြင့် ရထားပြန်လည်ပြေးဆွဲရေးစီစဉ်ဆောင်ရွက်သွားရန်”** လမ်းညွှန်မှာကြားချက်အရ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်မှာ ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး- ဆိုက်ခေါင်လမ်းပိုင်းအတွင်း တောင်ကြီးမှ ဘန်းယဉ် အထိ ၃၃ ဒသမ ၇၁ မိုင်အား ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှာ ပြန်လည်ပြေးဆွဲခဲ့တာဖြစ်တယ်လို့ သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အရေးပါဆဲဖြစ်တာကြောင့် “ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရှုယ်” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုအရ မြန်မာ့မီးရထား၏ လုပ်ငန်းတာဝန်ဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ စာဖတ်သူတွေ ဗဟုသုတရစေဖို့ စာရေးသူ လေ့လာသိရှိသမျှ မြန်မာ့မီးရထားရဲ့ ပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့ မီးရထားလမ်း တိုးချဲ့ဖောက်လုပ်နေမှုတွေကို ဖော်ပြပေးပါဦးမယ်။ မြန်မာနိုင်ငံမှာ ရထားလုပ်ငန်းစတင်ခဲ့တဲ့ ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်း ခရီးမိုင် ၁၉၂၄ မိုင်နဲ့ ဘူတာရုံပေါင်း ၄၇၆ ခု ဆောက်လုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ရထားလမ်းခရီးမိုင် ၅၄ မိုင်နဲ့ ဘူတာရုံ ၁၁ ခု တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်နဲ့ ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ ဖောက်လုပ်တည်ဆောက်နိုင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်းလုံးမှာ ရထားလမ်းခရီးမိုင်ပေါင်း ၃၈၀၀ နဲ့ ဘူတာရုံ ပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါတယ်။

**“နယ်မြေဒေသအေးချမ်းတည်ငြိမ်မှုရှိခြင်း၊ ပြည်သူလူထုကိုယ်တိုင်က အဖျက်သမားတွေကို ရွံရှာမုန်းတီးကာ လက်ခံမှုမပြုခြင်းတို့ကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ချမ်းမြေ့ပျော်ရွှင်စရာဖြစ်နေပါပြီ။ ဘုရားသွား၊ ကျောင်းတက်၊ ဈေးဝယ်ထွက်ဖို့ ရထားကလည်း အဆင်သင့်ရှိနေပြီဖြစ်ပါတယ်။ ဥညြသံပေး ထာဝရပြေးဆွဲနိုင်ရေးအတွက် မီးရထားရဲ့ အဓိကကျတဲ့ လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှုရှိစေရေး မြန်မာ့မီးရထားအနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်ကို တာဝန်ယူပြီးနောက် နိုင်ငံတော်အကြီးအကဲက ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး လမ်းညွှန်မှုများပေးခဲ့ရာမှာ ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း တိကျစွာ လိုက်နာပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်၊ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများတွင် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကထားအသုံးပြု၍ နည်းပညာများ တိုးတက်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

လက်ရှိမှာတော့ အဓိကအရေးပါတဲ့ ရထားလမ်းမကြီးတွေအနက် ရန်ကုန်-မန္တလေးနဲ့ ရန်ကုန်မြို့ပတ်လမ်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေမှကျခံပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ ဆောင်ရွက်နေပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ မြင်းခြံ-သာစည်၊ သာစည်-ရွှေညောင်၊ ရွှေညောင်-တောင်ကြီး၊ တောင်ကြီး-ဆိုက်ခေါင်၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ်၊ မန္တလေးမြို့ပတ် ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနဲ့ နောင်ကား-ပင်းပက်လမ်းပိုင်း တိုးချဲ့ဖောက်လုပ်ခြင်းတွေ ဆောင်ရွက်နေပါတယ်။ နောင်ကား-ပင်းပက်လမ်းပိုင်းဟာ အထက်မှာပြောခဲ့တဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့သံမဏိစက်ရုံအတွက် အကျိုးပြုမယ့်လမ်းလည်း ဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေနဲ့ကတော့ နိုင်ငံတစ်ဝန်းလုံး ကွန်ရက်သဖွယ်ဆက်သွယ်နိုင်တဲ့ ရထားလမ်းတွေ တိုးချဲ့ဖောက်လုပ်နေပါတယ်။ မူဆယ်မှ မန္တလေးအထိ ရထားလမ်းသစ်ဖောက်လုပ်နိုင်ဖို့ စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ဒ့ါအပြင် မန္တလေးကနေ ကျောက်ဖြူအထိ ရထားလမ်းအသစ် ဖောက်လုပ်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် မြန်မာ့မီးရထားက ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မှု အစီအစဉ်တွေကို တင်ပြခြင်းဖြစ်ပါတယ်။

## လူစီးရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိ

ခရီးသွားပြည်သူတွေ လွယ်လွယ်ကူကူ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားကပြေးဆွဲနေတဲ့ အခြေအနေတွေကို လေ့လာမိသလောက်ပြောရရင် ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ အမြန်ရထား လေးစင်း၊ စာပို့ရထား နှစ်စင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းမှာ အမြန်ရထား နှစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းမှာ အမြန်ရထား နှစ်စင်း၊ စာပို့ရထား နှစ်စင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်းမှာ RBE ရထား နှစ်စင်း၊ ပုသိမ်-ဟင်္သာတ- ကြံခင်းလမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်းမှာ လူစီးကုန်တင်ရထား နှစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်းမှာ အမြန်ရထား နှစ်စင်း၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းမှာ RBE ရထားလေးစင်း၊ တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းမှာ လူစီးကုန်တင်ရထား နှစ်စင်း စုစုပေါင်း ၂၈ စင်းနဲ့ ရန်ကုန်မြို့ပတ်ရထား ၂၆ စင်း စုစုပေါင်း လူစီးရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိပါတယ်။ ဒါတွေကတော့ မြန်မာ့မီးရထားရဲ့ စွမ်းဆောင်ချက်တွေကို အနှစ်ချုပ်တင်ပြပေးခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ လွန်စွာအရေးပါတဲ့လုပ်ငန်းဖြစ်ပါတယ်။ **“ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရှုယ်”**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်များအရ မြန်မာ့မီးရထားနဲ့ လုပ်ငန်းတာဝန်တွေဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စက်တင်ဘာ ၁ ရက်က ဖွင့်လှစ်ပေးခဲ့တဲ့ တောင်ကြီး-ဘန်းယဉ် မီးရထားခရီးစဉ်ဟာ ဒေသခံပြည်သူတွေအတွက် ရာခိုင်နှုန်းပြည့် ကောင်းကျိုးချမ်းသာဖြစ်စေပါတယ်။ ဒေသခံပြည်သူတွေရဲ့ ရင်တွင်းစကားသံတွေကိုလည်း နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ ဝမ်းမြောက်ရွှင်လန်းစွာ တွေ့မြင်လိုက်ကြပြီး ဖြစ်ပါတယ်။ နယ်မြေဒေသအေးချမ်းတည်ငြိမ်မှုရှိခြင်း၊ ပြည်သူလူထုကိုယ်တိုင်က အဖျက်သမားတွေကို ရွံရှာမုန်းတီးကာ လက်ခံမှုမပြုခြင်းတို့ကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ချမ်းမြေ့ပျော်ရွှင်စရာဖြစ်နေပါပြီ။ ဘုရားသွား၊ ကျောင်းတက်၊ ဈေးဝယ်ထွက်ဖို့ ရထားကလည်း အဆင်သင့်ရှိနေပြီ ဖြစ်ပါတယ်။ ဥညြသံပေး ထာဝရပြေးဆွဲနိုင်ရေးအတွက် မီးရထားရဲ့ အဓိကကျတဲ့ လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှုရှိစေရေး မြန်မာ့မီးရထားအနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ မီးရထားလုပ်ငန်းတွေ တည်တံ့ခိုင်မြဲအောင် ပြည်သူတစ်ရပ်လုံးအနေနဲ့ အသိစိတ်မြင့်မားစွာနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ လိုအပ်လှပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းတွင် **“ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ “ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ”(Keep Moving Forward to Achieve Our Goal)ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်”** ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့အတိုင်း “ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရှုယ်” ဆောင်ပုဒ်နဲ့အညီ မီးရထားလမ်းကြောင်းများ ပိုမိုပေါ်ထွန်းလာရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မြို့ဦးရွှေမြနန္ဒာကျောင်းဝင်းအတွင်း စက်တင်ဘာ ၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်နိုင်ဦး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ မင်းမနိုင်ရဲကင်းစခန်းနှင့် လှည်းဆိပ်ရဲကင်းစခန်းတို့မှ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက်က ရေကြည်မြို့နယ်တွင် သမိုင်းဝင်ဒီပါရုံစေတီတော်မြတ်ကြီး ဘုရားပရိဝုဏ်အတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းထွန်းနိုင်၊ မြို့မရဲစခန်းမှူး ရဲမှူးညွန့်အောင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြို့နယ် (ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မရမ်းကုန်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မောင်ကျော်ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ ဝင်များက စက်တင်ဘာ ၃ ရက်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း အတွင်း/အပြင် သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ရထားပြေးဆွဲပေးတဲ့အတွက် ဘန်းယဉ်-တောင်ကြီး ရထားလမ်းပိုင်းက ဒေသခံပြည်သူတွေအနေနဲ့ ကုန်ပစ္စည်းတွေ၊ ထွက်ကုန်သီးနှံတွေကို ရထားနဲ့ တောင်ကြီးမြို့ပေါ်အထိ ကုန်ကျစရိတ်သက်သာစွာ တင်ပို့ရောင်းချနိုင်မှာ ဖြစ်ပါတယ်

မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်



ဦးဆောင်
ညွှန်ကြားရေးမှူး
သူရ
ဦးအောင်မျိုးမြင့်

တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ်အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထားကိုပြည်သူများ၏ တောင်းဆိုချက်များနှင့်အညီ ခရီးသွားလာရေး အဆင်ပြေစေရန် စက်တင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ထိုသို့ပြန်လည်ပြေးဆွဲရာတွင် ရထားအသုံးပြုသူ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့သည့် အခြေအနေနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်အား ဆက်သွယ်မေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

**မေး။** ။ တောင်ကြီး-ဘန်းယဉ် မီးရထားလမ်း ပြန်လည်ဖွင့်လှစ်လိုက်ပြီလို့သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာ့မီးရထားအနေနဲ့ ပြည်သူတွေ အဆင်ပြေစေဖို့ ခရီးစဉ်မှာ ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ အရင်ဆုံး သိပါရစေ။

**ဖြေ။** ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းမှာ ရထားပြန်လည်ပြေးဆွဲနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ပြုပြင်ဆောင်ရွက်ဖို့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကစပြီး ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးကနေ ဆိုက်ခေါင်အထိ ၄၀ ဒသမ ၆၇ မိုင်ကို ပြုပြင်ရာမှာ ကွန်ကရစ်ဇလီဖားတုံး ၅၈၇၈၀၊ လမ်းခင်းကျောက် ၁၀၇၇၃ ကျင်း ဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ လမ်းမြောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဆက်ညှိခြင်း၊ လမ်းဘေးဝဲ/ယာ တောချုံခုတ်ရှင်းလင်းခြင်း စတဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရထားလမ်းပိုင်း ကြံ့ခိုင်တောင့်တင်းမှုရှိစေရေးအတွက်လည်း ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်မှာ ပြုပြင်ပြီးစီးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တောင်ကြီး-ဆိုက်ခေါင်ရထားလမ်း ပြုပြင်ပြီးစီးပြီးဖြစ်သဖြင့် ရထားပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်" လမ်းညွှန်မှာကြားပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်ကစတင်ပြီး ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းအတွင်းက တောင်ကြီးကနေ ဘန်းယဉ်အထိ ၃၃ ဒသမ ၇၁ မိုင်ကို စက်တင်ဘာ ၁ ရက်ကစပြီး ရထားပြန်လည်ပြေးဆွဲခဲ့တာဖြစ်ပါတယ်။

ဒီလိုပြေးဆွဲရာမှာ အမှတ်(၁၅၄)အစုန်ရထားဟာ ဘန်းယဉ်မှ နံနက် ၅ နာရီခွဲထွက်ခွာပြီးတော့ တောင်ကြီးကို နံနက် ၈ နာရီရောက်ရှိမှာဖြစ်ပါတယ်။ အမှတ် (၁၅၃) အဆန်ရထားဟာ တောင်ကြီးမှ မွန်းလွဲ ၂ နာရီခွဲမှာ ပြန်လည်ထွက်ခွာပြီး ဘန်းယဉ်ကို ညနေ ၄ နာရီ မိနစ် ၅၀နာရီ ရောက်ရှိမှာဖြစ်ပါတယ်။ ရထားပြေးဆွဲပေးတဲ့အတွက် ဘန်းယဉ်-တောင်ကြီး ရထားလမ်းပိုင်းက ဒေသခံပြည်သူတွေအနေနဲ့ ကုန်ပစ္စည်းတွေ၊ ထွက်ကုန်သီးနှံတွေကို ရထားနဲ့တောင်ကြီးမြို့ပေါ်အထိ ကုန်ကျစရိတ်သက်သာစွာတင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံဒေသအသီးသီးကနေ တောင်ကြီးမြို့ကို အလည်လာတဲ့ ခရီးသွားဧည့်သည်တွေ၊ တောင်ကြီးမြို့နေ ပြည်သူတွေအနေနဲ့ ရထားစီးပြီး တန်ခိုးကြီးဘုရားဖြစ်တဲ့ မွေတော်ကက္ကူဘုရားကို သွားရောက်ဖူးမြော်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံအတွင်းက ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်စေပြီးတော့ ဒေသတွင်းပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်သလို လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

**မေး။** ။ ပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့ အခု ၂၀၂၂ ခုနှစ်အတွင်းမှာ မီးရထားလမ်း တိုးချဲ့ဖောက်လုပ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။

**ဖြေ။** ။ မြန်မာနိုင်ငံမှာ ရထားလုပ်ငန်းစတင်ခဲ့တဲ့ ၁၈၇၇ ခုနှစ်ကနေ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်နဲ့ ဘူတာရုံပေါင်း ၄၇၆ ရုံ ဆောက်လုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အတွင်း ရထားလမ်းခရီးမိုင်၅၄မိုင်နဲ့ဘူတာရုံ၁၁ရုံတိုးတက်တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်နဲ့ ဘူတာရုံ ၄၇၃ ရုံ ထပ်မံတိုးချဲ့ ဖောက်လုပ်တည်ဆောက်နိုင်ခဲ့တဲ့အတွက် နိုင်ငံအတွင်းမှာ ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ နဲ့ ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ရယူပြီးနောက် နိုင်ငံတော်အကြီးအကဲက ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး လမ်းညွှန်မှုတွေ ပေးခဲ့တာရှိပါတယ်။ ရထားလမ်းတွေ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း တိကျစွာလိုက်နာပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ဖို့၊ ရထားလမ်းတွေ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းတွေမှာ ပြည်တွင်းအင်ဂျင်နီယာပညာရှင်တွေကို အဓိကထားအသုံးပြုပြီး နည်းပညာတွေ တိုးတက်အောင် ဆောင်ရွက်ဖို့၊ အနာဂတ်မှာ လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့တာရှိပါတယ်။

လက်ရှိမှာ အဓိကအရေးပါတဲ့ ရထားလမ်းမကြီးတွေအနက် ရန်ကုန်-မန္တလေး ရထားလမ်းနဲ့ ရန်ကုန်မြို့ပတ်ရထားလမ်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေက ကျခံပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းမှာ နိုင်ငံတော်ဘဏ္ဍာငွေက ကျခံပြီးတော့ မြင်းခြံ- သာစည်၊ သာစည်-ရွှေညောင်၊ ရွှေညောင်- တောင်ကြီး၊ တောင်ကြီး-ဆိုက်ခေါင်၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ်၊ မန္တလေးမြို့ပတ်ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ နောင်ကား- ပင်းပက် လမ်းပိုင်းတိုးချဲ့ဖောက်လုပ်မှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ။ မီးရထားလမ်းအသစ် တိုးချဲ့ဖောက်လုပ်မယ့်အစီအစဉ်ရှိရင်လည်း ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။

**ဖြေ။** ။ မြန်မာ့မီးရထားအနေနဲ့ မူဆယ်ကနေ မန္တလေးအထိ ရထားလမ်းသစ်ကို ဖောက်လုပ်နိုင်ဖို့အတွက် စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းဆောင်ရွက်ပြီးတော့ စီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့အတွက် ညှိနှိုင်းဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒ့ါအပြင် မန္တလေးကနေ ကျောက်ဖြူအထိ ရထားလမ်းအသစ်ဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ။ ခရီးသွားပြည်သူတွေ လွယ်ကူစွာသွားလာနိုင်ရေး လက်ရှိမှာ မြန်မာ့မီးရထားအနေနဲ့ ပြေးဆွဲနေမှုကိုလည်း သိရှိလိုပါတယ်။

**ဖြေ။** ။ မြန်မာ့မီးရထားက ရန်ကုန်- မန္တလေးလမ်းပိုင်းမှာ အမြန်ရထားလေးစင်း၊ စာပို့ရထားနှစ်စင်း၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ ရန်ကုန်- ပြည်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ စာပို့ရထားနှစ်စင်း၊ ရန်ကုန်- ပဲခူးလမ်းပိုင်းမှာ RBE ရထားနှစ်စင်း၊ ပုသိမ်- ဟင်္သာတ- ကြံခင်းလမ်းပိုင်းမှာ စာပို့ရထားနှစ်စင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းမှာ လူစီးကုန်တင်ရထားနှစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းမှာ စာပို့ရထား နှစ်စင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ ပြည်တော်သာ- ရေချမ်းပြင်လမ်းပိုင်းမှာ RBE ရထားလေးစင်း၊ တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းမှာ လူစီးကုန်တင်ရထားနှစ်စင်း စုစုပေါင်း ၂၈ စင်းနဲ့ ရန်ကုန်မြို့ပတ်ရထား ၂၆ စင်း စုစုပေါင်းလူစီးရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိပါတယ်။

**မေး။** ။ ပြည်သူတွေ သိရှိစေဖို့ မြန်မာ့မီးရထားလုပ်ငန်းအခြေအနေနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ။** ။ နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အရေးပါနေဆဲဖြစ်တာကြောင့် "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွှယ်"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေအရ မြန်မာ့မီးရထားရဲ့ လုပ်ငန်းတာဝန်တွေဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူတွေ စိတ်ချမ်းမြေ့အဆင်ပြေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဥဩသံပေးထာဝရပြေးဆွဲနိုင်ရေးအတွက် မီးရထားရဲ့ အဓိကကျတဲ့ လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှုရှိစေရေးအတွက် မြန်မာ့မီးရထားအနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီးတော့ ပြည်သူတွေအနေနဲ့လည်း မီးရထားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားလိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**




## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရောက်ကြမည့် ပြိုင်ပွဲဝင်များအား ထောက်ပံ့ငွေပေးအပ်

ဘီးလင်း စက်တင်ဘာ ၃

မွန်ပြည်နယ်တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ရာတွင် (၂၃)ကြိမ်မြောက် မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဘီးလင်းမြို့နယ်ကိုယ်စားပြု အဆိုပြိုင်ပွဲဝင်လေးဦး၊ အကပြိုင်ပွဲဝင် တစ်ဦး၊ အတီး၊ အရေးပြိုင်ပွဲဝင် တစ်ဦး၊ အတီးပြိုင်ပွဲဝင် ငါးဦး စုစုပေါင်း ၁၁ ဦးဖြစ်ပြီး ၎င်းပြိုင်ပွဲ ဝင်ရောက်ကြမည့်သူများအတွက် ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်အောင်ထွန်းက ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ဒေသကိုယ်စားလှယ် ဦးအောင်ချိုဦးက ထောက်ပံ့ငွေကျပ် သုံးသိန်းတို့အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



နေပြည်တော် စက်တင်ဘာ ၃

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့် ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Comman-der Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ကြကြောင်း သိရသည်။

သတင်းစဉ်

# သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက-ခွဲ(ရွှေပေး)၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ်ကိုးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မြို့နယ်စုပေါင်းရုံးအား သန့်ရှင်းရေးမဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးပုံ။



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက်က အကွက် ၂၄၆ သီရိဟေမာအရှေ့ရပ်ကွက်ရှိ အိမ်တော်ရာဘုရားကျောင်းဝင်းအတွင်း၌ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်လေး ဦးဆောင်ကာ မြို့နယ်အတွင်းရှိ အမှတ်(၃)၊ အမှတ်(၆)၊ အမှတ်(၈)ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မောင်အေးချမ်း



ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ကျိုက္ကမ္ဘိုင် လိပ်ဥကုန်းစေတီပရိဝုဏ်အတွင်း စက်တင်ဘာ ၃ ရက်က ဖျာပုံခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

၂၀၇



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် အမှတ်(၁) ကျောင်းလမ်း လောဥဿျောင်ဘုရားကြီးတွင် စက်တင်ဘာ ၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဇော်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အောင်ဆင့်

# ဇလငါးတန်နှင့်ပြည့်စုံ၍ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်၊ အတွေးအခေါ်များ မှန်ကန်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားရာတွင် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးမှာ လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပျက် ပိုမိုဆောင်ရွက်နိုင်စေရန်၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်အောင် ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြမည့်သူများ၊ ဇလငါးတန်နှင့်ပြည့်စုံသည့် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရန်၊ မျိုးချစ်စိတ်ရှင်သန် ထက်မြက်စေရန်နှင့် အတွေးအခေါ်များ မှန်ကန်လာစေရန် ရည်ရွယ်၍ ယခုလို လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းမြတ်မွန်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအဖြစ် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ ကျောင်းသား ကျောင်းသူများ ဖြစ်သည့် မောင်ဟိန်းထက်သန့်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်နေယံလင်းက လူငယ်နှင့် မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မသီရိသူက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်လျှံမိုးထက်ကျော်က လူငယ်နှင့် စာရိတ္တ/ကြီးပွားရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မမေကဗျာအောင်က လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

အဆိုပါလူငယ်စကားဝိုင်းသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့ တက်ရောက်ခဲ့ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား အခမ်းအနားသို့ တက်ရောက်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်။

"ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ"
Lifelong First Aid Learning


# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်

**ကျိုက်ထို စက်တင်ဘာ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စိန်ပန်းခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသမီးနှင့် ကလေးငယ်များတွင်သာမက အမျိုးသားများလည်း လူကုန်ကူးခံနေရသောကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အားလုံးတွင် တာဝန်ရှိကြောင်း၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် လူကုန်ကူးမှုကိစ္စရပ်များကို သိရှိပါက သက်ဆိုင်ရာဌာနများသို့ အချိန်မီ အကြောင်းကြားခြင်းဖြင့် လူကုန်ကူးမှုကို တားဆီးရာရောက်ကြောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နွဲ့စိုးက လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေဆိုင်ရာကိစ္စရပ်များကို ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများကို မေးမြန်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး နံရံကပ်ပိုစတာဗီနိုင်းများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သန်းသန်းမော်(ကျိုက်ထို)**



# သဘာဝပေါက်ပင်မှထွက်ရှိသည့် တောထန်းမြစ်များ တရုတ်နိုင်ငံ၏ဝယ်လိုအားကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဈေးထိရရှိ



**မန္တလေး စက်တင်ဘာ ၃**

မန္တလေးဈေးကွက်အတွင်း၌ သဘာဝပေါက်ပင်မှထွက်ရှိလာသည့် တောထန်းမြစ်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဈေးထိရရှိနေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

အဆိုပါ တောထန်းမြစ်များသည် မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေကြောင်း၊ ဈေးကွက်သို့ ဝင်ရောက်လာရာတွင် မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ ကောလင်း၊ ကသာ၊ ကန့်ဘလူ၊ ထီးချိုင့်၊ ယင်းမာပင်၊ ပုလဲ၊ ချင်းတွင်းမြစ်အနောက်ဘက်ဒေသများမှ ဝင်ရောက်ကာ ဈေးကွက်ထိုးဖောက်လာကြောင်း၊ ဈေးနှုန်းများ အနေဖြင့် တောထန်းမြစ်အစိုတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဈေးထိရောက်ရှိကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲမှာ တောထန်းမြစ်တွေက ဈေးကောင်းရရှိနေတယ်။ ဒီအမြစ်တွေကိုတူးဖော်ပြီးတော့ ဒေသခံတွေက ကျပ်တင်မီးကင်ကာ အခြောက်ပြုလုပ်ပြီး ဈေးကွက်ထဲကို တင်ပို့ရောင်းချတာပါ။ ဒီနှစ်မှာတော့ ဈေးကွက်က ပျောက်မသွားဘဲ ထင်ထင်ရှားရှားနဲ့ တစ်သမတ်တည်း ဈေးကွက်ဖြစ်ပေါ်နေတယ်။ တောထန်းမြစ်တူးတဲ့ အခြေခံလူတန်းစားတွေလည်း အပိုဝင်ငွေရရှိနေကြပါတယ်။ တောထန်းမြစ်ကို အဓိကအနေနဲ့ တရုတ်ပြည်ဈေးကွက်ကို ပို့ဆောင်ရောင်းချနေရပါတယ်။ သူတို့နိုင်ငံမှာ ဒီတောထန်းမြစ်ကို ဆေးဝါးဖော်စပ်တဲ့နေရာမှာ အသုံးပြုတယ်လို့ သိရတယ်။ ပြည်တွင်းမှာလည်း တချို့ဒေသတွေမှာ တောထန်းမြစ်ကို ပျားရည်နဲ့စိမ်ပြီး အားဆေးအဖြစ် ဖော်စပ်အသုံးပြုကြပါတယ်။ ကိုရီးယားနိုင်ငံက ဂျင်ဆင်းမြစ်ကို ဆေးဝါးအဖြစ် ထုတ်လုပ်ရောင်းချသလို မြန်မာပြည်မှာလည်း တောထန်းမြစ်ကို သက်ဆိုင်ရာကနေပြီးတော့ သုတေသနပြုကာ အာနိသင်အညွှန်းကိန်းဖော်ထုတ်ပြီး ပြည်ပနိုင်ငံတွေကို ရောင်းချနိုင်ရင် အကျိုးရှိမှာပါ။ ဒီအပင်က ပူအိုက်စွတ်စိုတဲ့ သမပိုင်းတွေမှာ သဘာဝပေါက်ပင်အနေနဲ့ မစိုက်ပျိုးဘဲပေါက်တာပါ။ အပင်ကသေမသွားဘဲ ရေသောက်မြစ်ချန်တူးပြီး တစ်နှစ်တစ်ခါ အမြစ်ကို တူးဖော်ရောင်းချလို့ရပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ တောထန်းမြစ်များကို တစ်နှစ်တစ်ရာသီ မိုးနှောင်းကာလဖြစ်သော စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အမြစ်များတူးဖော်ပြီး ဈေးကွက်အတွင်းသို့ ရောင်းချကြကြောင်း၊ ပေါက်ရောက်သည့် ဒေသများသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသများတွင် ပေါက်ရောက်လေ့ရှိကြောင်း၊ ယင်းတောထန်းမြစ်သည် အပင်အမြင့် ခြောက်ပေ ရောက်ရှိပါက အမြစ်ကို တူးဖော်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကန့်ကြီးထောင့်မြို့နယ်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကန်ကြီးထောင့် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက လဟာကလူကျေးရွာအုပ်စု ကျောင်းစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးကြည်၊ မြို့နယ်လဝကဦးစီးမှူး ဦးကျော်ဆွေ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဇင်မာဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကျောင်းစုကျေးရွာစာသင်ကျောင်းတွင် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းတံတား၊ လျှပ်စစ်မီးရရှိရေး၊ အိမ်ထောင်စုစာရင်းနှင့် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသနေပြည်သူများ၏ တင်ပြချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၈) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၀) အနက် (၇)ဦး (၇.၈) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၈၃)ဦး (၉၂.၂)ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၇၁,၁၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၅,၄၈၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၇၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေ တပ်ဆင်ရန်၊

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၇) ဦး | (၇.၈) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၈၃) ဦး | (၉၂.၂) % |
| စုစုပေါင်း | (၉၀) ဦး | (၁၀၀) % |

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၅၈၁၀၀၂ | ၉၂၂၈၈၀၀၃ | ၁၀၇၂၆၇၃ |
| ၂။ | အိန္ဒိယ | ၄၄၄၄၉၇၂၆ | ၄၃၈၆၅၀၁၆ | ၅၂၇၉၆၅ |
| ၃။ | ပြင်သစ် | ၃၄၅၆၄၂၄၆ | ၃၄၀၅၈၉၀၅ | ၁၅၄၁၈၉ |
| ၄။ | ဘရာဇီး | ၃၄၅၀၅၃၅၁ | ၃၃၅၀၂၄၄၇ | ၆၈၄၃၃၄ |
| ၅။ | ဂျာမနီ | ၃၂၂၄၇၈၂၈ | ၃၁၃၇၈၄၀၀ | ၁၄၇၇၆၂ |
| ၆။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၁၇၅၈၈ | ၁၈၈၂၄၂ |
| ၇။ | တောင်ကိုရီးယား | ၂၃၄၉၇၀၄၈ | ၂၁၄၇၅၂၂၄ | ၂၇၀၁၄ |
| ၈။ | အီတလီ | ၂၁၉၀၇၄၁၃ | ၂၁၁၁၁၂၇၄ | ၁၇၅၇၅၄ |
| ၉။ | ရုရှား | ၁၉၆၈၁၃၈၁ | ၁၈၇၁၀၉၆၆ | ၃၈၄၆၂၄ |
| ၁၀။ | ဂျပန် | ၁၉၂၂၈၀၈၂ | ၁၇၄၄၈၅၉၇ | ၄၀၅၄၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၁၇၅၀၃ | ၁၀၂၀၅၁၇၃ | ၄၃၁၁၉ |
| ၂။ | အင်ဒိုနီးရှား | ၆၃၆၉၇၇၈ | ၆၁၆၉၃၃၀ | ၁၅၇၆၃၁ |
| ၃။ | မလေးရှား | ၄၇၈၇၃၀၈ | ၄၇၁၉၉၁၀ | ၃၆၂၃၄ |
| ၄။ | ထိုင်း | ၄၆၅၆၉၁၁ | ၄၆၀၇၈၁၃ | ၃၂၃၇၈ |
| ၅။ | ဖိလစ်ပိုင် | ၃၈၈၉၁၆၀ | ၃၈၀၃၆၂၇ | ၆၁၉၆၂ |
| ၆။ | စင်ကာပူ | ၁၈၄၃၂၃၆ | ၁၇၆၅၂၉၈ | ၁၅၉၄ |
| ၇။ | မြန်မာ | ၆၁၅၄၈၉ | ၅၉၃၇၄၅ | ၁၉၄၃၉ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၃၅၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၅၀ | ၁၃၄၄၈၃ | ၃၀၅၆ |

## ဇလွန်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဇလွန် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဆုံကုန်းကျေးရွာအုပ်စုနှင့် အထွင့်ကျေးရွာအုပ်စု ကြာမန်းကျေးရွာတို့၌ ယနေ့နံနက် ၁၀ နာရီတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝမ်းနှင့် စစ်ကြောင်းကြီးငါးကြောင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများကလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေနှင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်နေမှုများ၊ ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေးကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(BoosterDose) ထိုးနှံရန် ကျန်ရှိသောပြည်သူများကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ဝေယံ(ပြန်/ဆက်)



# အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘော တပ်တော်ဝင်

**နယူးဒေလီ စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘောသည် ယမန်နေ့တွင် စတင် တပ်တော်ဝင်ခဲ့ကြောင်း သိရသည်။

INS Vikrant အမည်ရှိ အဆိုပါလေယာဉ် တင်သင်္ဘောသည် ၂၆၂ ပေ ရှည်လျားပြီး တန်ချိန် ၄၃၀၀၀ ရှိကြောင်း အိန္ဒိယရေတပ်က ဆိုသည်။ သင်္ဘောအစိတ်အပိုင်းများ၏ ၇၆ ရာခိုင်နှုန်းကို ပြည်တွင်းဖြစ်ပစ္စည်းများဖြင့် ပြုလုပ်ထားပြီး MIG-29 ဂျက်တိုက်လေယာဉ်များအပါအဝင် လေယာဉ် အစင်း ၃၀ ခန့် တင်ဆောင်နိုင်ကြောင်း သိရသည်။

၎င်းသည် နိုင်ငံ၏ ဒုတိယမြောက် လေယာဉ် တင်သင်္ဘောဖြစ်သည်။

သင်္ဘောတပ်တော်ဝင်ရေချခြင်းအခမ်းအနားကို ကိုချီမြို့၌ကျင်းပခဲ့ပြီး ဝန်ကြီးချုပ် မိုဒီက အဖွင့်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ယင်းကဲ့သို့ကြီးမားသည့် လေယာဉ်တင်သင်္ဘောကို ပြည်တွင်းနည်းပညာဖြင့် ထုတ်လုပ်နိုင်သည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည့်အတွက် ယခုကဲ့သို့ လေယာဉ်တင် သင်္ဘောကြီးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခြင်း ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ဆိုသည်။

အဆိုပါလေယာဉ်တင်သင်္ဘောကြီးတည်ဆောက် ခြင်းသည် ၂၁ ရာစုတွင် အိန္ဒိယနိုင်ငံ၏ ကြိုးစားမှု၊ လုပ်ဆောင်နိုင်မှုစွမ်းပကား၊ ဂုဏ်သိက္ခာနှင့် ကတိ ကဝတ်များကို သက်သေပြသနေကြောင်းလည်း မိုဒီ က ပြောကြားသည်။

ထို့ပြင် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေး အတွက် ကူညီထောက်ပံ့ပေးရာရောက်ကြောင်းလည်း မိုဒီက ဆက်လက်ပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံက ၎င်း၏ ပိုးလမ်းမစီမံကိန်းအတွက် ရေကြောင်းဆိုင်ရာ လှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေစဉ် အိန္ဒိယနိုင်ငံကလည်း ရေကြောင်းစွမ်းပကားကို အဆင့်မြှင့်တင်လာကြောင်း သိရသည်။




ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၅၇ ဦးသေဆုံးပြီး ၇၆၈၃ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၃**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်သည့် ရုတ်တရက်ရေကြီးမှုနှင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော မတော်တဆမှုများကြောင့် အနည်းဆုံး ၅၇ ဦးသေဆုံးကာ ၇၆၈၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံ ခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ စက်တင်ဘာ ၂ ရက် ညနေ ပိုင်းအချိန် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း နိုင်ငံတစ်ဝန်းရေကြီးမှု ကြောင့် သေဆုံးသူများအနက် အနည်းဆုံး ကလေး ငယ် ၁၇ ဦးနှင့် အမျိုးသမီး ၁၈ ဦးပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ မုတ်သုံမိုးကြောင့် သေဆုံးသူစုစုပေါင်း ၁၂၆၅ ဦးအထိ မြင့်တက်မှုရှိခဲ့ပြီး ၁၂၅၇၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ရုတ်တရက်ရေကြီးမှုဒဏ် အခံရဆုံးပြည်နယ် ဖြစ်သည့် နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ လွန်ခဲ့ သည့်တစ်ရက်အတွင်း ၃၈ ဦးသေဆုံးကာ ၇၂၀၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းနောက်တွင် ရေကြီးမှု ဒဏ် ဒုတိယအများဆုံးခံရသည့် ခိုင်ဘာပက်တွန်ခွာ ပြည်နယ် အနောက်မြောက်ပိုင်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ၁၇ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မိုး သည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၁၄၂၇၀၃၉ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၇၃၅၅၈၄ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၂၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၂၈ ဦး ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၈၇၃၀၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၃၂၅ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုးဦးထပ်မံ သေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှု ကြောင့် သေဆုံးသူပေါင်း ၃၆၂၃၄ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၂၆၁၈ ဦး ရောဂါမှပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည် ကောင်းမွန်လာသူပေါင်း ၄၇၁၉၉၁၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၁၁၆၄ ဦးရှိပြီး ယင်းတို့အနက် ၇၉ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၄၄ ဦးသည် အသက်ရှူအထောက်အကူ ပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၂ ရာခိုင် နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီး ဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၁၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၁၉ ဦးထပ်မံတွေ့ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၄၄၉၇၂၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာ ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရ သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံ အသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၄၃၈၆၅၀၁၆ ဦး ရှိလာကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံး သူ ၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ပေါင်း ၅၂၇၉၆၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန က ပြောကြားသည်။

**နှစ်ဘီလီယံကျော်အသုံးပြုပြီးဖြစ်**

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီး ဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ နှစ်ဘီလီယံကျော်အသုံး ပြုပြီးဖြစ်ကြောင်းနှင့် ပြည်တွင်း မီဒီယာများ၏ သတင်းဖော်ပြချက် အရ အသက် ၁၈ နှစ်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၁၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယ အကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီး ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

❖

# မလေးရှားနိုင်ငံက ယခုပထမနှစ်ဝက်အတွင်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံခန့် ရရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၃**

မလေးရှားနိုင်ငံက ယခုနှစ်ပထမနှစ်ဝက်အတွင်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံခန့်ရရှိခဲ့ကြောင်း မလေးရှားရင်းနှီးမြှုပ်နှံ မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အဆိုပါရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၇၀ ဒသမ ၉ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံ) ရှိခဲ့ကြောင်း မလေးရှားရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်များသည် ၂၉ ဒသမ ၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၈ ဘီလီယံ) ရှိကြောင်း သိရသည်။

ဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေ ရန် အဓိကနေရာတွင် ပါဝင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအားလုံး၏ ၆၃ ဒသမ ၃ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄ ဘီလီယံ) ရရှိခဲ့သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေ ရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံခန့်ရရှိခဲ့ပြီး အခြေခံကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄၉၁ သန်းခန့်ရရှိခဲ့ကြောင်း မလေးရှားရင်းနှီးမြှုပ်နှံ မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း အရည်အသွေးမြင့်မားပြီး အရင်းအနှီးများပြားသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းကြောင်းမှန် ပေါ်သို့ ရောက်ရှိလျက်ရှိကြောင်းနှင့် ဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး ယခုနှစ်ဝက် အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားစွာရရှိခြင်းသည် အဆိုပါ ဝန်ဆောင်မှုကဏ္ဍ၏ အကျိုးကျေးဇူးကြောင့် ဖြစ်ပါကြောင်း မလေးရှား နိုင်ငံတကာကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းဝန်ကြီး မိုဟာမက် ဖာဇ်မင်အာလီက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

တနင်္သာရီ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီတွင် ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာအနီးတွင် စောအေး မောင်းနှင်ပြီး ကျော်ဆန်းလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။



ကျော်ဆန်းလင်းနှင့် စောအေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် Express အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ ကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင်(မိုင်းယု)ကျေးရွာ အိုရီယမ်တယ် တိုးဂိတ်အနီး လားရှိုး-မူဆယ်သွားပြည်ထောင်စုလမ်းမကြီးပေါ်တွင် တူးဂျာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင် စက်သုံးဆီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် ရေကြောင်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက် ညောင်ပင်ကြီးဇက်ဆိပ်၌ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဒီဇယ်ဆီ ဂါလန် ၄၈၀၀ နှင့် ဓာတ်ဆီဂါလန် ၂၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၄၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၁၈)အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၉၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၀၄၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၉၆၀၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ သိမ်းဆည်းရမိမှု။

အလားတူ စက်တင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား (ဘားအံ)စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော YUTONG Bus အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဦးဆောင်၍ မူဆယ်မြို့ ပန်ခမ်းတံတားအနီး ပန်စမ်းကားဝင်းအတွင်းတွင် ရပ်တန့်ထားသည့် ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ ထုံးအိတ်၊ မီးကြိုးခွေ၊ ကြွေပြားချပ်များနှင့် Steel ထိုင်ခုံဒေါက်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၀၁၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Dongfeng Truck အမျိုးအစား ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂၈၀၁၈၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၉၂၆၂၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကြံခင်းမြို့၌ အနေးယာဉ်များ၏ အရှေ့/အနောက် ရောင်ပြန်စတစ်ကာ စနစ်တကျကပ်ထားရန် အသိပညာပေး

**ကြံခင်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ အနေးယာဉ်များ၏ အရှေ့/အနောက်တွင် စတစ်ကာ စနစ်တကျကပ်ထားရန် ယနေ့ နံနက် ၁၁ နာရီတွင် မြို့နယ်စည်ပင်သာယာရုံးရှေ့၌ အနေးယာဉ်များကို စတစ်ကာကပ်ခြင်း ဆောင်ရွက်ပေးခဲ့သည်။

ကြံခင်းမြို့နယ်အတွင်း တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်နှင့် တာဝန်ရှိသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန် အနေးယာဉ်များ၏ အရှေ့/အနောက်တွင် စတစ်ကာကပ်ထားခြင်းရှိ/မရှိကို စက်တင်ဘာ ၃ ရက်မှစတင်ကာ ပညာပေးကာလသတ်မှတ်ပြီး စတစ်ကာကပ်သည့်



နေရာမှန်ကန်ရေး၊ စတစ်ကာ စနစ်တကျကပ်ရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၄-၉-၂၀၂၂ တနင်္ဂနွေနေ့**

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၁၀** တရုတ်ကာတွန်း 'ပန်းနုဂါးဖိုးလေတံတား' (အပိုင်း-၇)
- **၀၉:၃၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၀၀** 'ဂုဏ်ယူဉ်ပျော်ဝိတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှု (အုပ်စု-က)(ပွဲစဉ်-၁)
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် 'ဘယ်သူပြိုင်လို့ လုပါတော့နိုင်' (ဇော်ဝမ်း၊ အုံ့ကျော်၊ တင်တင်ညို)
- **၁၆:၃၅** ပြုံးပဒေသာ 'ပတ်စနာနှင့် ပုလဲစိန်'
- **၁၆:၄၅** Sports Diary
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝိတ်ဘါး ဘါး အချစ်ချိုချို' (အပိုင်း-၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ
- **၂၁:၃၀** ဆေးရောင်စုံရုပ်ရှင် 'ပန်းပြိုင်လယ်က ဥယျာဉ်မှူး' (ကျော်ဟိန်း၊ နေအောင်၊ သီဂီထွန်း)

**mitv**

- **07:01** Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- **07:08** Innovative Handiworks Based On The Art Of Line Drawing
- **07:27** Myanmar Traditional Snacks: Popped Rice Ball
- **07:34** Myanmar Traditional Cart Business
- **08:01** News
- **08:27** Colourful Lotus-Shaped Candles
- **09:01** History And Mystery Behind The Caves
- **09:27** Today Myanmar
- **09:34** The Efficacy of Myanmar Traditional Medicine
- **10:01** News
- **10:26** Global Partnership for Brighter Future:
- **10:35** Great Shwedagon - The Ten Traditional Arts & Crafts

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကျွန်တော်တို့ရွာ
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ရသာချိုမြိန် ချင်းရိုးရာ မျှစ်ဟင်းရည်ဘိုင်
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဘုံတလာရေတံခွန်အကြောင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** စံပယ်ပန်းအစွမ်း ဗွေကြိုင်လန်း
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ထုတ္တန့်သိမ်ပုထိုးတော်ကြီးသမိုင်း
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထိန်းသိမ်းအစဉ်အလာတို့ ဓလေ့ရိုးရာ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** တောင်ယာထမင်းဟင်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** လီဆူရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ဒေါ်လဲဒွှာအကြောင်း
- **ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၈)
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်ရိုးရာ စောင်းတူရိယာ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ဥရောပတစ်ဝန်း လောင်ကျွမ်းခဲ့သည့်တောမီးများ
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှသာ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၁၀** အနာဂတ်ရွှေရောင်လမ်းဆီဝင့်ထယ်စွာပူးပွင့်လာမည့်ရာင်စုံပန်းလေးများရှင်သန်ရာဤကမ္ဘာ
- **၀၈:၂၀** စာသင်ခန်းမှသည်လယ်တောဆီ
- **၀၈:၅၀** ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
- **၀၉:၂၅** စိမ်းနေဦးမည့်လယ်ကွင်းဆီသို့ အရောက်လှမ်းလာမည့် ကောက်စိုက်စက်လေးများ
- **၀၉:၅၀** ငွေနှင်းမှို

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဖျာပုံနှင့် မအူပင်မြို့နယ်တို့၌ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်နေသည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




**■ ကျောဖုံးမှ**

၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအနီးရှိ KM စားသောက်ဆိုင်သို့ အကြမ်းဖက်သမားလေးဦး ရောက်ရှိလာပြီး ဆိုင်အတွင်း၌ ထိုင်နေသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦးကို ဒလန်ဟုစွပ်စွဲကာ ပစ္စတိုဖြင့် ပစ်ခတ်၍ ရွှေထည်ပစ္စည်းအချို့ကို လုယက်ယူဆောင်သွားကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦးတွင် စိုးရိမ်ရဒဏ်ရာများရရှိခဲ့ကာ ဖျာပုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်မှုအား မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အထက်ပါဖြစ်စဉ်၌ ပါဝင်ကျူးလွန်ခဲ့သည့် Black Dragon Force Pyapon-BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **ကောင်းစည်သူ** ကို ဖျာပုံမြို့ အမှတ် (၁)ရပ်ကွက် သီတာလမ်းရှိ ၎င်း၏ နေအိမ်တွင်လည်းကောင်း၊ **အောင်မိုးမြင့် (ခ) အေးမင်းသူ (ခ) အေးမင်း**ကို ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက် ပဒုမ္မာ(၅)လမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ **သိမ့်ကြွာလှိုင်**ကို ဖျာပုံမြို့ အမှတ်(၉) ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ၎င်း၏နေအိမ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ထွက်ပြေးတိမ်းရှောင်ရန် ဆောင်ရွက်နေသော BDFP အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **တီးတီး(ခ)ကိုကိုအောင်** ကို တွံတေးမြို့နယ် ဘုရားငုတ်တို စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အကြမ်းဖက် သတ်ဖြတ်မှုများအား ဦးဆောင်ပြုလုပ်နေသူ BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **စံလင်းစံ** ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းဈေးမှတ်တိုင်အနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **တီးတီး(ခ)ကိုကိုအောင်**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် BDFP အကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်သော **ဟိန်းသူလွင်(ခ) သာကဒိုး** ကို ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက် ခနိတော(၈)လမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ **ဇော်မင်းသူ(ခ)မက်စီ(ခ)မျောက်ကြီး** ကို ဖျာပုံမြို့ အမှတ်(၁၅)ရပ်ကွက် အောင်သုခ (၂)လမ်းရှိ၎င်း၏နေအိမ်တွင်လည်းကောင်း၊ **ကျော်သူရ** ကို ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက် ခနိတောလမ်းရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ **ကျော်ဇောဦး** ကို ဖျာပုံမြို့နယ် ကျုံကူကျေးရွာ၌ **SIGSAUER** ပစ္စတို တစ်လက်၊ **Glock** ပစ္စတို နှစ်လက်၊ ၉ မမကျည်အတောင့် ၁၅၀၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး၏ အမည်ပါရှိသော ကျောင်းသားကတ် တစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ဆွဲကြိုး တစ်ကုံး၊ ဟန်းချိန်း တစ်ခု၊ လက်ပတ်နာရီ တစ်လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စံလင်းစံ**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကုန်-ပြည်လမ်း အေးချမ်းကားမှတ်တိုင်အနီး၌ အကြမ်းဖက်မှုများအား ကျူးလွန်ပြီး လာရောက်တိမ်းရှောင်နေသော BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဝင်းမြတ်သိန်းဇော်** ကိုလည်းကောင်း၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းနှင့် ငုဝါလမ်းထောင့်ရှိ တိုက်အမှတ် (၁၀၇) (၇)လွှာ၌ အကြမ်းဖက်မှုများ ကျူးလွန်ပြီး လာရောက်တိမ်းရှောင်နေသော မအူပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိုင်းနောင် (ခ) လက်ယာ၊ မျိုးမင်းဦး၊ ဝေဖြိုးအောင်၊ သူရဦး၊ ငြိမ်းချမ်း**တို့ကို **SIGSAUER** ပစ္စတို တစ်လက်၊ ၉ မမ ကျည် ၄၈ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင်ဖမ်းဆီးရမိတရားခံ **စံလင်းစံ**၏ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် မှော်ဘီမြို့နယ် ချော်ကုန်းကျေးရွာ ပန်းတစ်ပွင့်တောင်လမ်း မြစည်းခုံကျောင်းတိုက်ရှေ့၌ BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ကျော်ဆန်းဦးနှင့် သူရဖြိုး(ခ)ဝတုတ်** တို့ကို ဖမ်းဆီးရမိခဲ့ပြီး ထိုသို့ဖမ်းဆီးစဉ် **သူရဖြိုး(ခ)ဝတုတ်** သည် အဖမ်းမခံဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်အား လုယူ၍ ထွက်ပြေးရန် ကြိုးစားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရာ ယာပေါင်ဖောက်ဝင်ဒဏ်ရာဖြင့် ထပ်မံဖမ်းဆီးရမိခဲ့သည်။ **စာမျက်နှာ ၁၆ သို့** ❂





တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၁၉-၆-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ အခွန်ဦးစီးဌာနရုံးဝင်းအတွင်း လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၁၉-၆-၂၀၂၁ ရက်တွင် ဖျာပုံမြို့ အမှတ် (၄)ရပ်ကွက်ရှိ ရစဖမှူးနေအိမ်၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၁၇-၁၀-၂၀၂၁ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆) ရပ်ကွက်ရှိ Mytel တာဝါတိုင်စက်ခန်းအတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၂-၁၁-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ ယာဉ်ထိန်းရဲကင်းရုံ၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၂-၁၁-၂၀၂၁ ရက်တွင် ဖျာပုံမြို့ရှိ မြို့နယ်စီမံ အုပ်ချုပ်ရေးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၁၁-၁-၂၀၂၂ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




၄-၁၁-၂၀၂၁ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၅) ရပ်ကွက် (၈)လမ်းတွင် အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။




၂၆-၁၀-၂၀၂၁ ရက်တွင် မအူပင်မြို့ အမှတ်(၁၀) ရပ်ကွက် အောင်မြေသာစည်လမ်းနေ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။







၂၃-၈-၂၀၂၂ ရက်တွင် ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအနီး KM စားသောက်ဆိုင်၌ အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။




၁-၂-၂၀၂၂ ရက်တွင် မအူပင်မြို့နယ် မလက်တို ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။




၂၉-၅-၂၀၂၂ ရက်တွင် မအူပင်မြို့နယ် ခွာလေး ကျွန်းကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံ သတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။







၂၄-၄-၂၀၂၂ ရက်တွင် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျုံကျိုက်ကျေးရွာရစဖမှူးနှင့် ဇနီးတို့ လုပ်ကြံ သတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

✪ စာမျက်နှာ ၁၅ မှ

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ **ဇော်မင်းသူ(ခ)မက်စီ(ခ)မျောက်ကြီး**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ရဲဇော်ထက်(ခ)မောင်မောင်**ကို ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက် ပဒုမ္မာ(၄)လမ်းရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဝင်းမြတ်သိန်းဇော်**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မော်ဘီမြို့နယ် နှင်းဆီမြိုင်ရပ်ကွက်၌ BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ထွန်းထွန်းဦး(ခ)စနေ**ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံအမျိုးသား ၁၈ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို ပစ္စတိုလေးလက်၊ ကျည်မျိုးစုံ ၁၉၈ တောင့်၊ ကျည်အိမ်နှစ်ခု၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်းနှစ်လုံးနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး၏အမည်ပါရှိသော ကျောင်းသားကတ်တစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ဆွဲကြိုးတစ်ကုံး၊ ဟန်းချိန်းတစ်ခု၊ လက်ပတ်နာရီတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **စံလင်းစံ**နှင့် **ဝင်းမြတ်သိန်းဇော်**တို့သည် KNLA တပ်မဟာ(၇) လှူပ်ရှားနယ်မြေအတွင်းရှိ ABSDF စခန်းတွင် လည်းကောင်း၊ တရားခံ **စိုင်းနောင်(ခ)လက်ယာ**သည် KNLA တပ်မဟာ(၇)တွင် လည်းကောင်း၊ တရားခံ **မျိုးမင်းဦး၊ ဝေဖြိုးအောင်**နှင့် **သူရဦး**တို့သည် သန်လျင်မြို့နယ် ဇာမဏီဆည်အနီးရှိ တောအတွင်း၌ **စိုင်းနောင်(ခ)လက်ယာ** သင်ကြားပေးသည့် ရက်တိုသင်တန်းတွင် လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် Black Dragon Force Pyapon-BDFP အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖမ်းဆီးရန်ကျန် တရားခံ **ဝဏ္ဏထွန်း(ခ)ရန်နိုင်**နှင့် **စံလင်းစံ**တို့ခေါင်းဆောင်၍ **တီးတီး(ခ)ကိုကိုအောင်၊ ဝင်းမြတ်သိန်းဇော်၊ ထွန်းထွန်းဦး၊ ကျော်ဆန်းဦး၊ သူရဖြိုး(ခ)ဝတုတ်၊ ဟိန်းသူလွင်(ခ)သာကဒိုး၊ ဇော်မင်းသူ (ခ)မက်စီ(ခ)မျောက်ကြီး၊ ကျော်ဇောဦး၊ ရဲဇော်ထက်(ခ)မောင်မောင်၊ အောင်မိုးမြင့်(ခ)အေးမင်းသူ(ခ)အေးမင်း၊ ကောင်းစည်သူ၊ ကျော်သူရ၊** ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းထွဋ်ဝင်း**တို့အပါအဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် မအူပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား **စိုင်းနောင်(ခ)လက်ယာ**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကိုလင်း(ခ)လက်ဝဲ**တို့ ခေါင်းဆောင်၍ **သူရဦး၊ မျိုးမင်းဦး၊ ငြိမ်းချမ်း၊ ဝေဖြိုးအောင်၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဖိုးခင်၊ မွေထိုင်း၊ စိုင်းထက်အောင်၊ ဦးရာကြပ်၊ ငထက်၊ ဇော်ကြီး၊ ဟိုက်စံ၊ ထက်အိမ်မှူး**တို့အပါအဝင် ၁၄ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Black Dragon Force Pyapon-BDFP နှင့် မအူပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အောက်ပါအတိုင်း ဖောက်ခွဲတိုက်ခိုက်မှုခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၁ ခုနှစ် ဇွန် ၁၉ ရက်တွင် ဖျာပုံမြို့ရှိ အခွန်ဦးစီးရုံးနှင့် အမှတ်(၄) ရပ်ကွက်ရှိ ရစဖမှူး တစ်ဦး၏နေအိမ်တို့အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက်ရှိ Mytel တာဝါတိုင်စက်ခန်းအား လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဖျာပုံမြို့တွင်းရှိ ယာဉ်ထိန်းရဲကင်းရုံနှင့် အမှတ်(၄) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးရုံးရှေ့တို့အား လက်လုပ်မိုင်းဖြင့် နှစ်ကြိမ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၆)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Black Dragon Force Pyapon-BDFP နှင့် မအူပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များက အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခဲ့မှုခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဖျာပုံမြို့ အမှတ်(၁၅)ရပ်ကွက် (၈)လမ်းတွင် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မအူပင်မြို့ အမှတ်(၁၀)ရပ်ကွက် အောင်မြေသာစည်လမ်းနေ အပြစ်မဲ့ပြည်သူအမျိုးသား တစ်ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မအူပင်မြို့နယ် မလက်တိုရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျုံကျိုက်ကျေးရွာရှိ ရစဖမှူးနှင့် ဇနီးတို့ကို ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် မေ ၂၉ ရက်တွင် မအူပင်မြို့နယ် ခွာလေးကျွန်းကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအနီး KM စားသောက်ဆိုင်တွင် အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦးကို ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းတိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

❍ ချယ်လ်ဆီးအသင်းမှ

တို့က သွင်းယူပေးခဲ့ကာ ဝက်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၆၃ မိနစ်မှာ အန်တိုနီယိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဝက်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၅)နေရာသို့ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

စပါးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှာတော့ စပါးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၄၀ မိနစ်မှာ ဟော့ဂျ်ဘတ်နဲ့ ၇၅ မိနစ်မှာ ဟယ်ရီကိန်းတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၈၃ မိနစ်မှာ တိုက်စစ်မှူး မီထရိုဗစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ပြီး အက်စတွန်ဗီလာအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မတိုင်မီ ပရီမီယာလိဂ် အဆင့်(၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ ဘရန့်ဖို့ဒ်အသင်းက လိဒ်ယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ ဘုန်းမောက်အသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဝုလ်ဗာဟမ်တန်အသင်းက ဆောက်သမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိ စသည်ဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး နယူးကာဆယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၉၅ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၂၅ | ၂၅၂၀ | ၂၅၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၀၀ | ၃၁၆၀ |
| 95 Ron | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၃၀ | ၂၆၂၀ | ၂၆၄၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၂၂၀ |
| HSD (500 ppm) | ၃၀၄၀ | ၃၀၈၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၈၅ | ၃၁၁၀ | ၃၁၀၅ | ၃၀၇၀ | ၃၁၈၅ | ၃၁၈၀ | ၃၀၈၀ | ၃၀၉၀ | ၃၁၂၀ | ၃၁၂၅ | ၃၁၂၅ | ၃၃၄၅ | ၃၈၈၀ |
| HSD (50 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |
| HSD (10 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၅ | ၂၃၆၄ |
| 95 Ron | ၂၃၈၄ | ၂၄၆၅ |
| HSD (500 ppm) | ၂၉၁၄ | ၃၀၀၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၄ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၇၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကော့သောင်းမြို့တွင် သဘာဝဘေးအန္တရာယ် မုန်တိုင်းသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်

**ကော့သောင်း စက်တင်ဘာ ၃**

ကော့သောင်းမြို့ ပုလုံးတုံးတုံး ပင်လယ်ကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။



ဇာတ်တိုက် လေ့ကျင့်မှုတွင် ကော့သောင်းမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများပူးပေါင်းကာ မိုးရာသီအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းဘေးအန္တရာယ် မကျရောက်မီ သတင်းအချက်အလက်များ ကြိုတင်သိရှိနိုင်မည့်နည်းလမ်းများ၊ ကျေးရွာပြည်သူများ ဘေးလွတ်ရာသို့ ဆောလျင်စွာ ရွှေ့ပြောင်းပုံနည်းစနစ်များ၊ ဘေးအန္တရာယ်အား တုံ့ပြန်ရင်ဆိုင်ရမည့်နည်းလမ်းများ၊ အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးမှုလုပ်ငန်းများ၊ မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးများအကြား ပိတ်မိနေသူများနှင့် ပင်လယ်ပြင်အတွင်း ရေယာဉ်ဖြင့် ရေနစ်သူများအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ဘေးလွတ်ရာသို့ ပို့ဆောင်ခြင်းစသည့် လုပ်ငန်းများကို သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကျော်၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူးမိုးဇော်သူနှင့် ရဲတပ်ဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် အကွက်(၅၀၃) ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ဦးပွားဆုတောင်းပြည့်ဘုရားဝင်းအတွင်း စက်တင်ဘာ ၃ ရက်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။ သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နေ အေးငြိမ်းသူသည် ၎င်းအသုံးပြုသည့် “A Ma Ra(ငြိမ်း)” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဇင်မာမာသန်းသည် ၎င်းအသုံးပြုသည့် “Zin Mar Than” Facebook အကောင့်နှင့် ဗိုလ်တထောင်မြို့နယ် (၈)ရပ်ကွက်နေ ဇင်မိုးထွန်းသည် ၎င်းအသုံးပြုသည့် “Zin Moe Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဂန္ဓမာရပ်ကွက်နေ ပြည့်ဖြိုးကျော်(ခ) အာကြီးသည် ၎င်းအသုံးပြုသည့် “Pyae Phyo Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဝတ္ထုတို

## စံဗွာနီထွန်း




**အခန်း(၁)**

ကျွန်မကမုဆိုးမ သားသမီးကလေးယောက်။ လောလောဆယ်အလုပ်ကတော့ ရွှေပေါင်ခံ၊ ငွေတိုးလေးပေး။ အကြီးသုံးယောက်က အိမ်ထောင်ကျပြီး အငယ်မလေးတစ်ယောက်ပဲ ကျန်ပါတော့တယ်။ အငယ်မလေးက စာသင်လို့မရ၊ စာရှည်ရှည်ဆို ကျက်လို့မရ၊ မှတ်လို့မရတဲ့ ဉာဏ်ရည်ရှိသူမို့ လေးတန်းလောက်အထိပဲ သင်ခဲ့ရရှာသူလေးပါ။ ငွေအပေါင်းအနုတ်များလာရင် မတွက်တတ်တော့။ ဒါပေမယ့် ကျွန်မသမီးလေးက ချောချောလှလှမိန်းကလေး။ အသက်က နှစ်ဆယ့်ရှစ်။ သမီးလေးနာမည်က မြတ်နိုးပွင့်ဝေ။ ကြိုက်သူချစ်သူ ဝိုင်းဝိုင်းလည်ပြီး ရည်းစားထားတတ်နေတဲ့ သမီးလေး။ အိမ်ထောင်ပြုဖို့ရာကျ ကျွန်မသမီးငယ်လေး ဖြစ်မှဖြစ်ပါ့မလား အကြိမ်ကြိမ်စဉ်းစားမိခဲ့ရပေါ့။

"မေမေကလည်း သိန်း ၃၀ ဘာလုပ်လို့ရမှာလည်း"

ဟဲ့ တိုက်နဲ့ကားနဲ့လည်း လက်ဖွဲ့ပေးဦးမှာတဲ့"

"မေမေ့သမီးအကြောင်းပဲ မေမေစဉ်းစားပါဦး" သမီးကြီး အပြော ကျွန်မကမုဆိုးမပေမယ့် ယောကျ်ားလုပ်သူမသေခင် ရှာဖွေပေးထားတဲ့ ဥစ္စာပစ္စည်းကရှိ။ သားတွေ သမီးတွေက အကုန်ပြေပြေလည်လည်။ ဒီသမီးလေးကျမှ ကျွန်မမှာ စဉ်းစားရ ခပ်ခက်ခက်နဲ့ပါ။

ကောင်လေးဘက်က ပညာအရည်အချင်းမရှိပေမယ့် ကျောက်လုပ်ငန်းနဲ့ ချမ်းသာလာတော့ သူတို့သားကို မင်္ဂလာကြေး သိန်း ၃၀ တိုက်နဲ့ ကားပါ လက်ဖွဲ့မယ်ဆိုတော့ ကျွန်မ စဉ်းစားနေရတာ ခေါင်းပူမတတ်ပါ။ ကောင်လေးပညာရေးက ရှစ်တန်း။ အလုပ်အကိုင်က ကားပွဲစား။ နာမည်က မောင်သိန်းထိုက်။ အင်း ငါ့သမီးလေး သူ့ထက်နိမ့်ပါးတဲ့ဟာနဲ့ယူသွားရင် ခက်ရချည်ရဲ့။ သမီးလေးက အိမ်ထောင်ထိန်းသိမ်းနိုင်စွမ်းရော ရှိပါ့မလား။ ကျွန်မ တွေးပူမိပါသေးတယ်။

သားလတ်က "မေမေ ကောင်လေးက ကားပွဲစားဆို ခပ်ရှုပ်ရှုပ်ဖြစ်နေဦးမယ် သေချာစုံစမ်းပါဦး"

"မင်းညီ(သားငယ်)ကိုတော့ စုံစမ်းခိုင်းထားတယ်။ သမီးလေးကလည်း မေမေ့သဘောလို့ ပြောနေတာ"

"မေမေ့သမီးက ရည်းစားသာထားတတ်တာ အိမ်ထောင်ပြုလို့ကောရပ့ါမလား မေမေရယ်"

"မင်းတို့လည်း ဝိုင်းစဉ်းစားပေးဦး"

"သားကတော့ ညီမလေးကို အိမ်ထောင်မပြုစေချင်ဘူး မေမေ"

"ယောက်ဖအိမ်ဦးခန်း နှမမီးဖိုခန်းဖြစ်နေမှာဆိုးလို့ပေ့ါ"

သားလတ်က မိန်းမကြောက်ရသူမို့ ကျွန်မ ရွဲ့ပြောလိုက်မိတော့ "မေမေကတော့ မဟုတ်တာပြောပြီ။ မေမေပဲ ဝိုင်းစဉ်းစားပေးဆိုပြီး"

သားလတ်ပြောပြီး အခန်းထဲဝင်အသွား

"သားငယ် မေမေစုံစမ်းခိုင်းထားတာ ဘယ်လိုလဲ"

"ကောင်လေးက အရက်နည်းနည်းပါးပါး သောက်တတ်တယ်လို့ ပြောတာပဲ၊ မေမေ ကားပွဲစားဆိုတာ အပျော်လုပ်နေတာတဲ့ နောက်ပြီး သူ့အဖေက မိန်းမရှုပ်တယ်လို့ ကြားတယ်။ ခုယူထားတာ နောက်မိန်းမတဲ့ သူ့အမေအရင်းမဟုတ်ဘူး"

"ကောင်လေးမရှုပ်ဖို့နဲ့ မွေးစားသားမဖြစ်ရင်ပြီးတာပဲ သားရယ်"

"လောင်းကစားတွေဘာတွေရော"

"အဲဒါတော့ အတွင်းကျကျ သားမသိဘူး မေမေ"

**အခန်း(၂)**

မွန်းတည့် ၁၂ နာရီ

"ကလင် ကလင်" အိမ်ဖုန်းမည်အလာ

"ဟလို"

"မေမေမကိုင်နဲ့ သမီးကိုင်မလို့ဟာ ကိုကိုနဲ့ ချိန်းထားတာကို"

သမီးလေးက ပြောပြောဆိုဆို ကျွန်မလက်ထဲက ဖုန်းဆွဲအလု သမီးကြီးက "ဟဲ့ နင်ဘယ်လိုဖြစ်နေတာလည်း အမေကိုင်တော့ရော ဘာဖြစ်လဲ၊ ခုကတည်းက သဲသဲလှုပ်ဖြစ်နေရအောင် ငါမပြောလိုက်ချင်ဘူး"

"မမ ဘာမှဝင်မပြောနဲ့ မေမေတောင် ဘာမှမပြောဘဲ"

"ဩော် ငါက အမြင်မတော်လို့ဝင်ပြောတာ၊ အမေ့လက်ထဲကဖုန်းကို အတင်းဆွဲလုစရာလား"

မဖြစ်သေးပါဘူး....ငါ့သမီးလေးက အစ်ကိုတွေလည်းကြောက်ရ သမီးကြီးနဲ့ကလည်းမတည့်။ ကျွန်မ စဉ်းစားခန်းဝင်ရပေပြီ။ ဘာပဲပြောပြော အိမ်ထောင်ကျသွားရင်တော့ သူ့လင်သူ့သားနဲ့ အဆင်ပြေသွားမှာပါပဲလေ။ ငါစိတ်မချဆုံးက ငါ့သမီးလေး။ ကောင်လေးကလည်း မဆိုးပါဘူး။ ငါ့သမီးကိုချစ်ရှာပါတယ်။ ငါ့သမီးကလည်း ချစ်တာပဲ။ ပေးစားလိုက်တော့မယ်။ တစ်ခုခုဆို ငါလည်းရှိနေတာပဲ။ အတွေးမျှင် အစဉ်တန်းရပြီပေ့ါ။

"သမီးလေး သူတို့ဘက်က စေ့စပ်ကြောင်းလမ်းလာတာ မေမေလက်ခံလိုက်တော့မယ်နော်"

"မေမေ့သဘောပါ မေမေ သမီးကတော့ မေမေလက်ခံရင် လက်ခံမယ်၊ မေမေ လက်မခံရင်လည်း လက်မခံပါဘူး"

"ဟင် ညည်းတို့က ချစ်သူတွေမဟုတ်လား မေမေ့သဘောချည်းပဲ မလုပ်နဲ့လေ"

ကျွန်မမှာတော့ သမီးလေးကိုလည်း စိတ်မချ။ ဒီလိုအပြောမျိုးတွေ၊ ဒီလိုအချိုးတွေ၊ ဒီလိုအဖြစ်တွေရယ်ကြောင့် ပင့်သက်ရှိုက်ရင်း စေ့စပ်ကြောင်းလမ်းပြီး တစ်လအကြာမှာတော့ သမီးလေးတို့ လက်ထပ်ခဲ့ပြီး သမီးလေး ယောက္ခမတို့ လက်ဖွဲ့တဲ့အိမ်မှာ နေကြပါတယ်။

ကျွန်မဘက်ကတော့ သမီးလေး မျက်နှာမငယ်ရအောင် စိန်နားကပ်၊ စိန်ဆွဲကြိုး၊ စိန်လေ့ာကက်၊ စိန်လက်ကောက်နဲ့ အိမ်ထောင်ပရိဘောဂအစုံကို လက်ဖွဲ့ခဲ့ပါတယ်။

ကျွန်မသမီးလေး ကလေးတစ်ယောက် မွေးဖွားခဲ့တဲ့အချိန်အထိ အဆင်ပြေခဲ့ပေမယ့် သမီးလေးကို စိတ်မချနိုင်စွာ ယုံကြည်စိတ်ချရတဲ့ အိမ်ဖော်နှစ်ယောက်ကို ထည့်ပေးလိုက်ပါသေးတယ်။ တစ်ပတ်တစ်ခါ အမြဲသွားပြီး လိုအပ်တာမှန်သမျှ စီမံပေးပါတယ်။

သမီးဦးမွေးပြီး သိပ်မကြာပါဘူး နောက်ထပ်ကိုယ်ဝန်ရှိပြန်တော့

"သမီးလေး ဘာလို့ ကလေးဆက်ယူပြန်တာလဲ၊ ငါ့သမီးပင်ပန်းတော့မယ်၊ ကလေးတွေနဲ့မနိုင်ရင် ငါ့သမီးတော့ ဒုက္ခပါပဲ"

"မဒုက္ခပါဘူး မေမေရှိတာပဲ"

"ဩော် ငါ့သမီးရယ်၊ မေမေရှိပေမယ့် မေမေက သမီးနဲ့ ညအိပ်ညနေ အမြဲရှိနေတာမဟုတ်ဘူးလေ၊ မေမေ့မှာလည်း အလုပ်ကိစ္စတွေက ရှိသေးတာလေ"

"မေမေ သမီးနဲ့အတူလာနေလေ"

"လာနေချင်တာပေ့ါ ငါ့သမီးလေးရယ်၊ သမီးယောကျ်ားက ဘယ်ကြိုက်မလဲ၊ မေမေ့အိမ်ကလည်း ပစ်ထားလို့မရတာ ငါ့သမီး သိနေတာပဲ"

ပြောသာပြောရတာ ကျွန်မသမီး ဒုတိယကိုယ်ဝန်ရှိကတည်းက မနက်လင်းတာနဲ့ သမီးလေးအိမ် လာရတာအမော။ ဒုတိယကလေး မွေးဖွားပြီးတာနဲ့ တစ်ပြိုင်နက် သမီးလေးအိမ်ကို စိတ်မချနိုင်စွာ ကျွန်မလိုက်နေရပါတော့တယ်။

**အခန်း(၃)**

နံနက် ၂ နာရီခွဲ

"သမီးလေး ညည်းယောကျ်ား ဒီအချိန်ထိ ပြန်မလာသေးဘူးလား"

"ကိုကိုက အဲဒီလိုပဲမေမေ အမြဲမိုးချုပ်တာပဲ"

"ညည်းမပြောဘူးလား ဒီမှာက မယားနဲ့သားနဲ့ ဒီလောက်ညဉ့်နက်ထိ နေစရာလား၊ အိမ်ဖော်တွေသာမရှိရင် ညည်းတစ်ယောက်ထဲ"

"ကိုကိုက အလုပ်များတယ်လေ"

"အမလေးတော် အလုပ်များတာက ညများစရာလား၊ ပြောကိုမပြောချင်တော့ဘူး"

ကိုယ့်ဘာသာမေးမိပြီး ကိုယ်ပဲ စိတ်တိုရ၊ သမီး ကလေးနှစ်ယောက် မွေးအပြီးမှာတော့ အပျိုတုန်းကချောချောလှလှ သမီးလေးဟာ မပြင်မဆင် ပိန်ပိန်စုတ်စုတ်နဲ့ ပါးချောင်နားချောင်တွေ ကျသွားရှာတာ မြင်ရက်စရာမရှိတော့။

"ငါ့သမီးရယ် အပျိုတုန်းကလို လှလှပပလေး ပြန်နေပါလားအေ၊ သမီးကလေးတွေ အမေ ဝိုင်းထိန်းပေးနေတာပဲ"

"တော်ပါပြီအမေရယ် သမီးအလှပြင်လည်း အပျိုပြန်ဖြစ်မှာမှ မဟုတ်တော့တာ"

"ဒုက္ခပါပဲဟယ် အပျိုပြန်မဖြစ်တာတော့သိတာပေ့ါ၊ အမေလည်း အပျိုပြန်ဖြစ်ပါစေလို့ ပြောနေတာမှမဟုတ်တာ၊ သမီးကို အရင်ကလို လှလှလေးမြင်ချင်လို့ပါ ငါ့သမီးရယ်"

သမီးလေးကို ကျွန်မ ပြောသာပြောနေရတာ မောင်သိန်းထိုက် အိမ်မကပ်တာ၊ ညဘက်အချိန်မှန် ပြန်မလာတာ၊ ပြန်လာတဲ့အချိန်တိုင်း သမီးလေးတို့လင်မယား တကျက်ကျက်။ ကျွန်မပဲ သမီးတို့ တစ်မိသားစုလုံးကို ကျွေးမွေးနေရတာလေ။ သမီးဆီမှာရှိတဲ့ လက်ဝတ်လက်စားတွေတောင် ဒီကောင် သုံးလို့၊ ဖြုန်းလို့ ကုန်ပြီပဲ။ တစ်ညမှာ ကျွန်မသမီးလေး ငိုသံကြားလိုက်လို့ မနက်မေးကြည့်တော့

"ကိုကိုက ဒီအိမ်ကို ပြန်ရောင်းမလို့တဲ့ မေမေ"

"ဘာ"

"ဟုတ်တယ် အိမ်ရောင်းတော့မယ်တဲ့ အလုပ်ကဘာဖြစ်လို့ဆိုလား ဆပ်ရမှာတဲ့"

"ငါ့သမီးဆီမှာရှိတဲ့ လက်ဝတ်လက်စားတွေတောင် သူဖြုန်းလို့ကုန်ပြီ။ ဒါတောင် အိမ်ထပ်ရောင်းရဦးမှာလား၊ အမေ မေးကြည့်ပါဦးမယ်"

"မောင်သိန်းထိုက် မင်းအိမ်ရောင်းတော့မလို့ဆို"

"ဟုတ် အမေ"

"ဘယ်လောက်ထိများရှုံးလို့ အိမ်ရောင်းရတဲ့အထိ ဖြစ်ရတာလဲ"

"ကျွန်တော်တို့ အလိမ်ခံထိတာမေမေ၊ မဆပ်ရင် ကျွန်တော် ထောင်ကျတော့မှာ"

"ဟင်"

"အိမ်မရောင်းရအောင် မင်းအဖေကို ပြောကြည့်ပြီးပြီလား"

"အဖေကလည်း တာဝန်မယူနိုင်ဘူးတဲ့၊ ကျွန်တော် မေးကြည့်ပြီးသွားပြီ၊ အဖေတို့တောင် အဆင်သိပ်မပြေတော့ဘူးတဲ့"

ကျွန်မမှာ ရင်ထဲဆို့သွားလိုက်ရတာ။ သမက်ထောင်ကျရင် သမီးလေးပါ ထောင်ကျမယားအဖြစ် မျက်နှာငယ်အရှက်ရမှာမို့ ကျွန်မစဉ်းစားရပါပြီ။

**အခန်း(၄)**

နောက်ဆုံးတော့လည်း သမီးတို့ တစ်မိသားစုလုံးကို ကျွန်မအိမ်ပေါ်မှာပဲ ခေါ်တင်ထားလိုက်ပါတော့တယ်။ သမက်က အချိုးမပြောင်း၊ မယားလည်း ဂရုစိုက် သနားကြင်နာရကောင်းမှန်းမသိ၊ သားသမီးလည်း ဂရုစိုက်ရမှန်းမသိတဲ့သူ ဖြစ်နေတော့တာပါပဲ။

သူပြန်လာချင်တဲ့အချိန်မှ ပြန်လာ၊ သမီးလေးဖုန်းဆက်လည်း ကိုင်ချင်မှကိုင်တာ။ အကြောင်းပြချက်ကတော့ "အလုပ်များနေလို့"ဆိုတာပါပဲ။ ကျွန်မမှာ သမက်အရိပ်အကဲ အမြဲအကဲခတ်ကြည့်နေရတဲ့ဘဝ။

သူ့ကြောင့် သမီးစိတ်ထိခိုက်ရင် ကျွန်မလည်း စိတ်ထိခိုက်ရပါတယ်။

ကျွန်မပဲကံဆိုးတာလား၊ သမီးလေးပဲ ကံဆိုးမသွားရှာ မိုးလိုက်လို့ရွာတာပဲလား မသိ။ သမီးလေး ရင်သားကင်ဆာဖြစ်လို့ ရင်သားတစ်ဖက် လှီးထုတ်လိုက်ရပါတယ်။ အသိစောလို့ မသေခဲ့တဲ့ ကျွန်မသမီးလေး။ တစ်နှစ်လောက်ပဲကြာမယ် ထင်ပါတယ်။ မောင်သိန်းထိုက်ဟာ လူရော၊ ကားရော ပျောက်သွားလိုက်တာ ပြန်ကိုပေါ်မလာတော့ပါဘူး။ သူ့မိဘတွေဆီ ဆက်သွယ်စုံစမ်းတော့လည်း မောင်သိန်းထိုက်နဲ့ ပတ်သက်တဲ့သတင်း ဘာသတင်းမှ အစအန မရပြန်။ သူ့အဖေသတင်းပဲ ရတာက နောက်ထပ်ယူထားတာ မယားငယ်ငယ်လေးတဲ့။

အဲဒီတုန်းကတော့ သမီးလေးခမျာ တမျှော်မျှော် မျက်ရည်နဲ့မျက်ခွက်။ ကျွန်မကတော့ မောင်သိန်းထိုက် သမီးလေးကို ပစ်ပြီး နောက်မယားနဲ့ တခြားနိုင်ငံထွက်သွားကြတယ်လို့ ထင်မိပါတယ်။ ကလေးနှစ်ယောက်နဲ့ လင်ပစ်မဖြစ်သွားရှာရတဲ့သမီးလေးကို သနားလွန်းလို့ ကျွန်မပဲ ဖြစ်လိုက်ချင်တော့တာပါပဲ။ ကျွန်မယောကျ်ား မသေခင် ရှာဖွေပေးခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကြောင့်သာ ကျွန်မနဲ့ ကျွန်မသမီးလေးဘဝ ရေစုန်မှာ မျောမသွားခဲ့တာပါ။ ကျွန်မလေ အဲဒီအကောင်ကို နုပ်နုပ်နုပ်နုပ်စဉ်း မသေသေအောင် သတ်ပစ်ချင်လောက်အောင်ကို မုန်းတီးမိပါရဲ့။

အဲဒီအကောင်ကတော့ လောကကြီးကနေ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့လေပြီ။

**အခန်း(၅)**

နောက်တော့ သမီးလေးမျက်နှာမငယ်ရအောင် ရေခဲအေးဂျင့်ဆိုင် သမီးနာမည်နဲ့ဖွင့်ပေးပြီး သမီးလေးက လည်လည်ဝယ်ဝယ် မတွက်တတ်၊ မချက်တတ်တော့ ကျွန်မပဲ ဦးစီး။ သမီးလေး အသက်က သုံးဆယ့်ခြောက်ထဲ တစ်ခုလပ်မလေး။ သမီးလေးစိတ်တောင် ပုံမှန်မဟုတ်တော့ဘူးလား မသိတော့ပါဘူးရှင်။ သူ့သားသမီးတွေကိုတောင် အနားကပ်မခံ။ စိတ်ကမရှည် အော်ငေါက်နေတာလေ။

"သမီးရေ ညည်းသားတွေကို ကြည့်ပြောပါဦး၊ ဆူညံနေကြတာပဲ၊ ဒီမှာ မေမေစာရင်းတွေ တွက်နေရတာ" ကျွန်မက အလုပ်ခပ်များများ။

"ဖြန်း ဖြန်း"

"အား ဘွားဘွားရေ လုပ်ပါဦး"

"ဟဲ့ ဟဲ့ ဘာဖြစ်" ကျွန်မ အပေါ်ထပ်ကို အပြေးအလွှားတက်သွားတော့ ကျွန်မသမီးက သူ့သားနဲ့သမီးကို တံမြက်စည်းတစ်ချောင်းနဲ့ လိုက်ရိုက်နေတာလေ။

"ဟောတော် မဆူနဲ့လို့ပြောရင်ရပြီလေ၊ ကလေးတွေကို ရိုက်စရာလား သမီးရယ်"

"မေမေပဲ ဆူညံနေတာဆို"

"ဆူညံနေတယ်လို့ပြောတာ ကလေးတွေကိုသွားရိုက်လို့ပြောတာမှမဟုတ်တာ သားသမီးတွေတော့ မွေးထားတတ်ပြီး မထိန်းတတ်၊ မပြုတတ် ခက်တာပဲ"

"မေမေဘာလို့လင်ပေးစားခဲ့သေးလဲ"

"ဩော် ဟုတ်ပါရဲ့အေ လင်ပေးစားခဲ့မိတဲ့ ငါ့ရဲ့အမှားပါတော်"

ကျွန်မ ဆို့နင့်ပြီး ကျလာတဲ့မျက်ရည်တွေကို လက်ဖမိုးနှင့်သုတ်ရင်း။

တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိပေမယ့် သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိတဲ့ အဲဒီထဲကမှ ကျွန်မက ဉာဏ်လိုနေတဲ့ သမီးလေး မွေးထားမိတဲ့ မိခင်တစ်ယောက်ဖြစ်နေလေတော့ ကျွန်မသေတာတောင်အသေဖြောင့်ပါ့မလားရှင်။

## ကျန်းမာဖို့ရေး နေထိုင်ပေး

အရက်၊ ဘီယာ မူးယစ်ဆေး
လူကိုဒုက္ခပေး၊
ကျန်းမာရေးမို့ သတိပြုရာ
ဆေးလိပ်၊ ကွမ်းယာပါ၊
ရှောင်ကြဉ်လို့သာ နေထိုင်မှ
ရောဂါကင်းဝေးရ။

လမ်းလျှောက်ကြစို့ အမြဲလေ
ကိုယ်လက်လှုပ်ရှားစေ၊
အရိုး၊ အဆစ်တွေ သန်မာဖို့
ဂရုစိုက်ကြစို့။

သတိမူလို့ နေထိုင်လျှင်
ကျန်းမာပြီးပျော်ရွှင်၊
အရွယ်တင်ကာ နုပျိုရ
အသားရေလည်းလှ။

ကိုယ်ကျန်းမာမှ စိတ်ချမ်းသာ
စီးပွားဥစ္စာရှာ၊
အောင်မြင်ဖို့ရာ လက်တစ်ကမ်း
ကြိုးစားလျှောက်လို့လှမ်း။
သင့်ဘဝတက်လမ်း။ ။

သီရိဟန်နိုင်(ပုလဲ)

## ရာသီသုံးလီ လှပန်းချီ

နွေ၏သရုပ် လေသုတ်ကာ
ကြွေကျရော်ရွက်ဝါ။
ပင်အိုထက်မှာ ဥသြလေး
လွမ်းဖွဲ့ တေးသီကြွေး။

မိုးရေဖွေးဖွေး ခါဝသန်
ရွက်နုများရှင်သန်။
ရေတွေပြည့်လျှံ အင်းအိုင်ချောင်း
ဖြိုးကြွ အားသစ်လောင်း။

ဟေမာန်ဆောင်းလှ နှင်းမှုန်လွှင်
ကောင်းကင်အဝှမ်းတွင်။
ပန်းပွင့်ပန်းပင် သန္တေသား
ဝတ်မှုန်ကူးလို့ပွား။

အလှတရား စုံလင်သည်
ဥတုသုံးရာသီ။
သာစွဌာနီ ပြည်တလွှား
ရောင်စုံပန်းချီကား။ ။

မင်းဝေအောင်(ရဲကျွန်း)

ဆောင်းပါး

# ကြိမ်

## ပုဏ္ဏတော်

"မလိမ္မာတဲ့ သားသမီးတွေအတွက် မိဘမေတ္တာ တွေပါတယ်။ အလိမ္မာကြိမ်မှာရှိ ဆယ်လုံးလောက် ဝယ်ထားလိုက်၊ ဟမ်းစပီကာမှထွက်လာသော အဖိုးအိုတစ်ဦး၏ဈေးရောင်းသံဖြစ်သည်။ ဝါးခမောက်၊ ကြိမ်ခြင်း၊ အုန်းတံမြက်စည်း၊ ကြိမ်လုံးကလေးများကို တွန်းလှည်းလေးဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် ပတ်ရောင်းခြင်းဖြစ်သည်။

ထိုထဲတွင် ကြိမ်လုံးရောင်းပုံမှာ ကြားရသူတိုင်း စိတ်ဝင်စားသွားကြမည်သာဖြစ်သည်။

"မလိမ္မာတဲ့ သားသမီးတွေအတွက် မိဘမေတ္တာ တွေပါတယ်"ဆိုတော့ ကျွန်တော် စစချင်း ဘာများလဲဟု စဉ်းစားမိသည်။ နောက်မှ "အလိမ္မာ ကြိမ်မှာရှိ" တဲ့။

ကျွန်တော်ပိုလို့ အတွေးများသွားတော့သည်။ တစ်ကယ်ပင် အလိမ္မာသည် ကြိမ်မှာရှိလေသလား။ ကျွန်တော်ကလေးဘဝက နေထိုင်ခဲ့သော အိမ်ဘေးတွင် ဘောစကိုင်းပင်ရုံကြီးရှိသည်။ ဘောစကိုင်းပင်သည် အရွက်သေးသေးနှင့် အရိုးတံရှည်ရှည် သွယ်သွယ်ဖြစ်သည်။ အရွက်များကို လက်ဖြင့် သပ်ချလိုက်လျှင် ကြိမ်လုံးလိုပင် အသုံးဝင်လှသည်။

ထိုဘောစကိုင်းပင်ကို အသုံးချသူမှာ ကျွန်တော့်အမေဖြစ်ပြီး အသုံးတော်ခံရသူသည် ကျွန်တော်ပင်ဖြစ်သည်။ ကျောင်းသွားပျင်းလှသည့် ကျွန်တော့်အတွက် အိမ်ဘေးက ဘောစကိုင်းပင်ရုံသည် ရိုက်မကုန်အောင်ဖြစ်ခဲ့ရသည်။

တစ်ခါတလေ အိမ်အလည်လွန်ပြီး ပြန်လာသည့်အခါ အမေက လက်နောက်ပစ်ထားပြီး ဆီးကြိုတတ်သည်။ ထိုအခါ ကျွန်တော်သဘောပေါက်လိုက်ပြီဖြစ်သည်။ အမေ့လက်ထဲတွင် ရှိသည့်အရာမှာ ဘာလဲဆိုတာ ဗေဒင်မေးစရာမလိုတော့။

ထိုသို့အရိုက်ခံရပြီးနောက် မျက်ရည်စက်လက်ဖြင့် အရှုံးရာများကို ပွတ်သပ်ကြည့်ရင်း ကိုယ်လုပ်မိသည့်အမှားများ ထပ်မလုပ်ဝံ့ခဲ့ပေ။ ညဘက် ကျွန်တော် အိပ်ပျော်သွားချိန်မှသာ အချို့အရာများကို အမေက ဆေးပြန်လူးပေးရသည်။ ဤသည်မှာ ကျွန်တော့် အလိမ္မာ ဘောစကိုင်းပင်မှာ ရှိခဲ့သည်ဟု ဆိုကောင်းဆိုနိုင်သည်။ မျက်မှောက်ကာလတွင် မိဘများသည် သားသမီးတို့ကို ရိုက်ပုတ်ဆုံးမမှုမျိုးကို သိပ်မတွေ့ရတော့ပေ။ သားသမီးကိုယ်၌က လိမ္မာရေးခြားရှိလှသဖြင့် ရိုက်ပုတ်၍ ဆုံးမစရာမလိုခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အကျိုးသင့် အကြောင်းသင့် ရှင်းပြ ဆုံးမရုံဖြင့် နားလည်သဘောပေါက်သည့် သားသမီးများလည်းရှိသည်။ သို့သော် အချို့သားသမီးများသည် ပြောဆိုဆုံးမရခက်လှသည်။ မိဘက လက်ပါမှ တော်ကာကျမည်။

ကျွန်တော့်အိမ်နားတွင် သုံးနှစ်အရွယ် ကလေးမတစ်ဦးရှိသည်။ ညသန်းခေါင်ကျော်သည်အထိ မအိပ်ဘဲ ဖုန်းထဲမှ ကာတွန်းကားများကြည့်သည်။ တစ်ခါတလေ မနက်လေးနာရီလောက် ထအော်ငိုသည်။ အကြောင်းမှာ မိဘတွေက ဖုန်းပြန်သိမ်းသောကြောင့် ဖြစ်သည်။ ထိုကလေးသည် တစ်ညလုံးဖုန်းကြည့်ပုံရသည်။ မိဘလုပ်သူတွေ မည်သို့ပြောပြောမရ။ သန်းခေါင်ကျော်ကြီး ဖုန်းမကြည့်ရ၍ အော်ငိုဂျီကျသည့်ကလေးကို မိဘတွေက တစ်ချက်လောက်တော့ (လက်ပါ)ရိုက်ပုတ်ဖို့ကောင်းသည်။ လက်ပါသည်ဆိုခြင်းမှာလည်း ကလေးအတွက် ကြောက်အောင် ခြောက်သည့် သဘောမျိုးသာဖြစ်သည်။ သွေးထွက်သံယို၊ ကျိုးကန်းသည်အထိ မဆိုလိုပါ။

ရှေးတုန်းက ပုံပြင်တစ်ပုဒ်ဖတ်ရဖူးသည်။ ပါမောက္ခဆရာကြီးသည် မင်းညီမင်းသားတပည့်များနှင့် လေ့လာရေးခရီးထွက်လာသည်။ လမ်းခရီးတစ်နေရာတွင် လယ်သူမတစ်ဦး၏ နှမ်းများ နေလှမ်းထားသည်ကို မင်းသားတစ်ပါးက လက်တစ်ဆုပ်စာ ခိုးယူစားသောက်မိသည်။ လယ်သူမကမြင်၍ ပါမောက္ခဆရာကြီးကို တိုင်လေသည်။

ပါမောက္ခဆရာကြီးလည်း နှမ်းခိုးစားသည့် မင်းသားကို လယ်သူမ အရှေ့မှာပင် ကျေနပ်သည်အထိ ကြိမ်ဖြင့်ရိုက်နှက်ဆုံးမခဲ့သည်။ နောင်အခါ ၎င်းမင်းသားသည် ရှင်ဘုရင်ဖြစ်လာသည်။ ဆရာကို အငြိုးတေးထား လက်စားချေလိုသဖြင့် နန်းတော်သို့ လိမ်ညာပင့်ဆောင်ခိုင်းသည်။

တစ်ချိန်က ဘာမျှမဟုတ်သည့် နှမ်းတစ်ဆုပ်စာအတွက် မိမိကို လူအများရှေ့တွင် ရိုက်နှက်ဆုံးမခဲ့သဖြင့် ခန္ဓာကိုယ်တွင် ကြိမ်ဒဏ်ရာများထင်ကျန်ခဲ့သလို အရှက်လည်းကြီးစွာရခဲ့ကြောင်း၊ ယခု မိမိရှင်ဘုရင်ဖြစ်လာ၍ ဆရာသခင်ကို လက်စားပြန်ချေမည်ဖြစ်ကြောင်း ဆိုလေသည်။

ထိုအခါ ပါမောက္ခဆရာကြီးက ထိုအချိန်ကသာ မိမိသည် အရှင့်ကို မရိုက်ခဲ့၊ မဆုံးမခဲ့လျှင် အရှင်သည် သူခိုးဓားပြသာ ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုလို တိုင်းပြည်အုပ်စိုးရသည့် ရှင်ဘုရင်ဖြစ်လာမည် မဟုတ်ကြောင်း လျှောက်ထားလေသည်။ ပါမောက္ခဆရာကြီး၏ အကျိုးသင့်အကြောင်းသင့် လျှောက်ထားမှုကြောင့် တပည့်ဘုရင်လည်း အမြင်မှန်ရသွားတော့သည်။

ထိုပုံပြင်တွင် ဆရာသည် တပည့်ကို ရိုက်နှက်၍ ဆုံးမပဲ့ပြင်ပေးခဲ့ခြင်းဖြစ်သည်။ နာစေလို၍မဟုတ်။ အမှားကိုအမှတ်ရစေပြီး နောင်မလုပ်ဝံ့အောင် ဆုံးမခြင်းမျိုးသာဖြစ်သည်။

တစ်နည်းအားဖြင့် တပည့်၏ရှေ့ရေးကို တည့်မတ်ပေးလိုသည့် ဆရာ့စေတနာပင်ဖြစ်သည်။ မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် မိဘက သားသမီးကိုဖြစ်စေ၊ ဆရာကတပည့်ကိုဖြစ်စေ သွန်သင်ဆုံးမကြသည့်အခါ နှုတ်ဖြင့်ဆိုဆုံးမကြသကဲ့သို့ တစ်ခါတစ်ရံ ရိုက်ပုတ်ဆုံးမလေ့ရှိကြသည်။

ရှေးယခင် မိဘများသည် သားသမီးကို ကျောင်းအပ်သည့်အခါ "မလိမ္မာတာ အမြင်မတော်တာရှိရင် ရိုက်ပေးပါ၊ ဆုံးမပေးပါ၊ ဆရာမကို အပ်ပါတယ်။ မကျိုးမကြေရင် တော်ပါပြီ"ဟုဆိုကာ ဆရာ့ထံ အပ်ကြသည်။

မျက်မှောက်ကာလမှာတော့ ဆရာမက တပည့်ကိုရိုက်သဖြင့် မိဘနှင့်ပြဿနာတက်ရသည့်အဖြစ်များတွေ့ရသည်။ အနောက်နိုင်ငံများတွင် မိဘက ကိုယ့်သားသမီးကို ရိုက်ပုတ်ဆုံးမလျှင် အိမ်နီးနားချင်းကဖြစ်ဖြစ်၊ ကိုယ့်ကလေးကဖြစ်ဖြစ် ရဲကိုတိုင်လျှင် မိဘသည် ဖမ်းဆီးခံရနိုင်သည်။

ဤသို့နှင့် ဆရာကလည်း တပည့်ကို လက်နှင့်မတို့ရဲ၊ မိဘကလည်း သားသမီးကို ကြောက်ရ။ ကြာလာသည်နှင့်အမျှ ဆုံးမပဲ့ပြင်သည့် အလေ့အထများ လျော့ပါးလာသည်။

နောက်ဆုံးတွင် မိဘက ဆုံးမသွန်သင်တာ ညံ့ဖျင်းလို့၊ ဆရာက မဆုံးမလို့ စသည့် အကြောင်းတရားများ ပေါ်လာတော့သည်။

နောက်ဆုံးချုပ် ပြောချင်ပါသည်။ ကျောင်းတစ်ကျောင်း၏နံရံတွင် ရေးထိုးထားသည့် စာသားတစ်ခုမှာ "ဆရာရိုက်လျှင် တစ်ခါသာနာမည်၊ ဆရာမရိုက်လို့ မလိမ္မာလျှင် အခါခါနာမည်"တဲ့။ ဆရာက မဆုံးမ၊ မရိုက်ခဲ့သဖြင့် ကလေးဘဝပါ နာတတ်သည့်သဘောဖြစ်သည်။ ထို့ကြောင့် မိဘမေတ္တာ၊ ဆရာ့စေတနာတို့ကို "ကြိမ်"မှာလည်း တွေ့မြင်နိုင်ပါကြောင်း ဆိုချင်ပါတော့သည်။ ။

## လမြတ်တော်သလင်း

ယင်းမာကြိုင်သင်း တော်သလင်း
မြစ်တွင်းသင်ဖြူးခင်း။
မြန်မာမင်းတို့ ထုံးစဉ်လာ
လှေပွဲကျင်းပတာ၊
စည်းလုံးညီညာ အားသွန်နွှဲ
မြန်မာ့သတ္တိဖွဲ့။
မြရည်စို့ရွှဲ လယ်ကွင်းတွေ
ရွှေရောင်ဝင်းမှည့်နေ၊
လယ်ယာလုပ်သား ဦးကြီးများ
ရင်ဝယ်ပီတိပွား။
ဘုရားကျောင်းနဲ့ ထုံးစေတီ
ဝပ်တွားဦးတင်ချီ၊
ကန်ရာသီမှာမြူတိမ်ရှင်း
လမင်းထိန်ထိန်လင်း။
ရင်တွင်းချမ်းမြေ့ဘယ်မမေ့
ဂရုဓမ္မ အခါနေ့။ ။

သူရအောင် (ရွှေပြည်သာ)

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

# “ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်ခြင်း”


မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး


ပိဋကတ်ကျောက်စာဓမ္မစေတီတော်

(ကျောက်စာချပ်- အလျား၄၅” ၊ အမြင့်၉၃” ၊ အထူ၇. ၂”) ၂ ချပ်ပါ


ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်

(ပါဠိရိုမန်အင်္ဂလိပ် / ပါဠိမြန်မာ)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း၌ ဓမ္မစေတီတော်များရှိ ကျောက်စာချပ်များတွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်များကို ကျောက်စာစေတီများအဖြစ် ပူဇော်၍လည်းကောင်း၊ ကျမ်းစာအုပ်များအဖြစ်လည်း ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျပြုစု၍ နိုင်ငံတကာအဆင့်မီကျမ်းစာအဖြစ် ပုံနှိပ်ထုတ်ဝေပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထေရဝါဒဗုဒ္ဓဘာသာအားသင်ကြားပေးနေသည့်တက္ကသိုလ်ကြီးများနှင့် သာသနာပြုကျောင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့် သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်(စစ်ကိုင်း)တို့ကဲ့သို့ တက္ကသိုလ်ကြီးများအပြင် စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ‘သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ’ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည်အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်- ၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၃၄၃၀၄၀၃၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ **Account Transfer** ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း-၀၉ ၆၉၁၀၀၀၉၆၉၊ ၀၉ ၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း- ၀၉ ၄၂၉၇၂၂၅၄၈၊ ၀၉ ၂၅၅၈၂၅၂၁၆

## ပိဋကသုံးပုံပါဠိတော်လှူဒါန်းထားကြသည့် အလှူရှင်များစာရင်း

အလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | လှူဒါန်းသည့် အရေအတွက် | အလှူငွေ (ကျပ်) |
|---|---|---|---|---|
| ၁။ | စစ်တက္ကသိုလ်အမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိများ၊ ဇနီးများ နှင့် မိသားစုများ | နေပြည်တော် | ၁၉ စုံ | ၂၂,၈၀၀,၀၀၀ |
| ၂။ | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန် မိသားစု | နေပြည်တော် | ၁၁ စုံ | ၁၃,၂၀၀,၀၀၀ |
| ၃။ | ဦးလှမိုး နှင့်ဇနီး ဒေါ်ကြည်ကြည်မေ သားသမီးများနှင့် မြေးတစ်စု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၄။ | သီရိပျံချီဒေါက်တာညွန့်ဖေ(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်နန်းချစ်ဆွေ (သမီး ) ဒေါက်တာခိုင်ဆွေညွန့်+ဦးစံမြင့်ထူး ၊ (သမီး)ဒေါက်တာ ခိုင်ရည်မွန် (မြေး)မောင်သန့်လွင်ထူး ၊ မဝင့်ဖြူသန့် မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၅။ | နှစ်ဖက်သောမိဘများဖြစ်ကြသည့် ဦးလှထွန်း+ဒေါ်တင်ကြည် ၊ (ဦးညီမောင်)+(ဒေါ်လှရီ) တို့အား ဦးထိပ်ထား၍ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင် နှင့်ဇနီး ဒေါ်သန်းသန်းအေး(သား) မောင်ထွန်းလင်းအောင် +မသူဇာထွန်း၊ (သမီး) မနေခြည်အေးအောင်၊ (မြေး) မောင်ဖွဲ့မြတ်ထူး မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၆။ | မိဘများအား အမှူးထား၍ ဦးဇော်ဝင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီးဒေါ်သီသီမြင့် (သား) မောင်ဝေဟင်အာကာဇော်(သမီး) မရွှမ်းလဲ့ဝတ်ရည်သော် မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၇။ | နှစ်ဖက်သောမိဘများဖြစ်ကြသည့် ဒေါက်တာစိုးဝင်း(အမြဲတမ်းအတွင်းဝန်၊ပညာရေးဝန်ကြီး ဌာန)နှင့်ဇနီး ဒေါက်တာ တင်တင်အေး (ပါမောက္ခ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)မိသားစု နှင့် ပညာရေးဝန်ကြီးဌာန ၊ အမြဲတမ်းအတွင်းဝန်ရုံးအဖွဲ့မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၈။ | ပညာရေးဝန်ကြီးဌာန ၊ အဆင့်မြင့်ပညာဦးစီးဌာန ၊ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၉။ | ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၀။ | ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၁။ | ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၂။ | ဦးအေးလွင်နှင့်ဇနီးဒေါ်ငွေငွေဝင်း မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၃။ | ဦးအောင်နိုင်ဦးနှင့်ဇနီး ဒေါ်ဥမ္မာစိုးအောင်၊ (သမီး) မဥမ္မာအောင်နိုင်ဦး၊ မဇီဇဝါအောင်နိုင်ဦး မိသားစု | နေပြည်တော် | ၄ စုံ | ၄,၈၀၀,၀၀၀ |
| ၁၄။ | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့်ဇနီး ဒေါ်ခင်ခင်မင်း မိသားစု | နေပြည်တော် | ၃ စုံ | ၃,၆၀၀,၀၀၀ |
| ၁၅။ | မိဘများဖြစ်ကြသော(ဦးထွန်းရင်+ဒေါ်ထွားစိန်) နှင့် (ဦးမန်းသိန်း+ဒေါ်စောတင်) တို့အားရည်စူး၍ သီရိပျံချီဒေါက်တာညွန့်ဖေ(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်နန်းချစ်ဆွေ မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၆။ | နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒေါ်ပန်းအိဖြူသာ မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၇။ | နှစ်ဖက်မိဘများအား ရည်စူး၍ ဝဏ္ဏကျော်ထင် ဒေါက်တာဇော်မြင့်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)နှင့်ဇနီးဒေါ်စန်းစန်းဝေ (သားကြီး) ဒေါက်တာအေးမြင့်ထွန်း +ဒေါက်တာထက်ထက်လင်း၊ (သားငယ်)ဒေါက်တာဝေဖြိုးမောင် မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၈။ | နှစ်ဖက်သောမိဘများဖြစ်ကြသည့် ဒေါက်တာစိုးဝင်း(အမြဲတမ်းအတွင်းဝန်၊ပညာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာ တင်တင်အေး (ပါမောက္ခ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)မိသားစု နှင့် ပညာရေးဝန်ကြီးဌာန ၊ အမြဲတမ်းအတွင်းဝန်ရုံးအဖွဲ့မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၁၉။ | မိဘများအားအမှူးထား၍ ဒေါက်တာသန်းသန်းမြင့် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန ၊ စီမံကိန်း နှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန) မိသားစု | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၂၀။ | ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသနဌာန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၂၁။ | ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၂၂။ | ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၂၃။ | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ | နေပြည်တော် | ၁ စုံ | ၁,၂၀၀,၀၀၀ |
| ၂၄။ | တိုင်းရွှေအောင်ကုမ္ပဏီလီမိတက် ဦးဝေဠုကျော်+ဒေါ်ရေကြည်ချမ်းမြ နှင့် ဦးသန်းလင်းဇော်(ခေါ်)ဦးဇေလင်းနိုင်+ဒေါ်ယုယုဝေ (သား) မောင်ရဲထက် ၊ (သမီး) မဓွန်မိုးစက်လင်း ၊မအိမ့်သံစဉ်မှူး မိသားစု | နေပြည်တော် | ၅ စုံ | ၆,၀၀၀,၀၀၀ |

## ဒေါ်သောင်းရင်
## အသက်(၈၃)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ငူကျေးရွာအုပ်စု၊ လက်ပန်ရွာနေ (ဦးဖိုးယုံ-ဒေါ်မအေး)တို့၏ သမီးထွေး၊ (ဦးထွန်းထွန်းဝင်း) ၏မိခင်၊ (ဦးပွ- ဒေါ်ရီ)၊ (ဦးဖူး- ဒေါ်ငြိမ်းတင်) တို့၏ညီမ၊ ဦးအောင်သူ၏ ချစ်လှစွာသောဇနီး ဒေါ်သောင်းရင်သည် ၁၆-၈-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၇-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် လက်ပန်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးမြင့်သောင်း
ရေယာဉ်အုပ်(၄) (ငြိမ်း)
## အသက်(၇၇)နှစ်

ရာသက်ပန်အသင်းဝင်အမှတ် (၁၁၉၈) ဦးမြင့်သောင်းသည် ၃၁-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့်ဘ
ညွှန်ကြားရေးမှူး(ငြိမ်း)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားသူကြီး(ငြိမ်း)
## အသက်(၈၀)

အစ်ကို/ဆရာဖြစ်သူ ဦးစိုးတင့်ဘသည် ၂-၉-၂၀၂၂(သောကြာနေ့) တွင် ပုသိမ်ခရိုင်၊ ငပုတောမြို့နေအိမ်၌ (၉၆) ပါးသော ရောဂါဒေဝနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတက်ဝင်းမြိုင် (တရားလွှတ်တော်ရှေ့နေ-နိုတြီပဗ္ဗလစ်)နှင့် တပည့်များ၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၆)၊ လူနေရပ်ကွက်အမှတ် (၁၈)၊ရွှေရင်အေးကျောင်းလမ်း ၊မြေကွက်အမှတ် (၂၄၆/ခ)၊ မြေအကျယ်အဝန်း(၂၀x၆၀) ပေ ဒေါ်ဝင်းကြည်အမည်ပေါက် ပါမစ်မြေကွက်အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် တရားဝင် လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဦး [၁၂/ဒပန(နိုင်) ၀၃၃၀၄၄] ထံမှ ကျွန်တော်ဦးဆွေမွန် [၁၄/မမက (နိုင်)၁၃၉၂၂၃] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် ကျွန်တော့်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆွေမွန်**
**ဖုန်း-၀၉-၇၈၅၄၇၅၄၂၅၊ ၀၉-၄၃၁၀၅၄၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၄)လမ်း၊ အမှတ်(၂၂) တွင် တည်ရှိသည့် အကွက်အမှတ်(၂၈)၊ ညောင်သုံးပင်မြောက်ကွက်၊ ဦးပိုင်အမှတ်(ဣ/၁၄၃)၊ မြေကွက်အမှတ်(စ/၉၅)၊ ဧရိယာ(၀.၀၄၁)ဧကရှိ ဦးကြည်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနွဲ့ရွှေ(ဘ)ဦးခင်မက် [၁၂/သလန(နိုင်)၀၀၅၂၁၂] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမြင့် [၁၂/သဃက(နိုင်)၀၉၂၀၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထွန်းလှ (LL.B)** | **ဒေါ်သီရိဦး (LL.B) (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၀၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ အမှတ်(၆) ရပ်ကွက်၊ အဖေကြီးဓမ္မာရုံလမ်း၊ အမှတ်(၆၇၈)တွင် တည်ရှိသည့် မြေကွက်အမှတ်-ဘုရားကုန်းအဆင့်(၁/၁၀၄၃)၊ မြေကွက်အကျယ်ပေ (၄၀x၆၀)ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစံဝင်းအမည်ဖြင့် မြေနေရာချထားပေးသော မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစံဝင်း(ဘ)ဦးထွန်းရှိန် [၁၂/သလန(နိုင်)၀၆၇၂၁၆] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းလွင် [၁၂/သလန(နိုင်)၀၀၅၂၂၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထွန်းလှ (LL.B)** | **ဒေါ်သီရိဦး (LL.B) (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၀၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ဒေါ်ကျင်ရွှေ (အငြိမ်းစားသူနာပြုအုပ်ကြီး)
## အသက်(၉၀)

မုဒုံမြို့နေ(သစ်တောဝန်ထောက်ဦးစံအောင်-ဒေါ်မျှော်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၁၂၂/၁)နေ (ဦးဘစိန်)၊ (ဦးသိုင်းရွှေ)တို့၏ညီမ၊ (ဦးကျော်ထွန်းဇ)၏ အစ်မ၊ ဦးပန်းဦး၊ ဒေါ်တင်တင်ညွန့်၊ ဦးစိုးထိုက်၊ ဒေါ်နုနုသန်း၊ ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဘန်း၊ ဦးလှထွန်း၊ ဒေါ်စန်းစန်းရီ၊ ဒေါ်မြရီ ၊ ဦးအောင်ထိန်၊ ဒေါ်သီသီစန်း၊ ဦးသိန်းဇော်၊ ဦးတင်ဝင်း၊ ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်မြင့်သန်း၊ ဒေါ်လှကြည်၊ ဒေါ်မြထူးတို့၏ ချစ်လှစွာသော အဒေါ်သည် ၂-၉-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးလင်း
ဒု-ဗိုလ်မှူးကြီး(ငြိမ်း) ကြည်း-၁၀၇၂၃
အပတ်စဉ်(၃၄)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၁၈၄)၊ တတိယထပ်နေ (ဦးထွန်းစိန်- ဒေါ်တုတ်တုတ်)တို့၏ သား၊ (ဗိုလ်မှူးလှအောင်-ဒေါ်ရီရီသော်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဦး၏ခင်ပွန်း၊ ဒေါ်မိုးသီတာစိုး (ခေတ္တ-စင်ကာပူ)၊ ဦးဇော်လင်းဦး-ဒေါ်သက်သက်ခိုင်၊ ဦးထင်လင်းဦး-ဒေါ်အိအိဇော်တို့၏ ဖခင်၊ မောင်အဂ္ဂဦး၏ အဘိုးသည် ၃-၉-၂၀၂၂ ရက် နံနက် ၇နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၂၂ (သောကြာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၉၇+၃၉၈) ၊ ဧရိယာ(၅၀x၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ ၁-လမ်း၊ အမှတ် (၃၉၇+၃၉၈) ဟု ခေါ်တွင်သည့် မြေကွက်/ အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါမြေကွက်နှင့် အဆောက်အအုံကို တရားဝင် အမည်ပေါက်ပိုင်ရှင် ဦးသန်းဦး [၁၄/မအပ(နိုင်)၀၀၅၇၀၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၁)လမ်း၊ မြေကွက်အမှတ်-(၅/ခ)ဟုခေါ်တွင်သော အလျားပေ(၂၀)xအနံပေ(၆၀) မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်မူမူဝေ [၁၂/ဗဟန(နိုင်)၀၄၈၆၁၀]ထံမှ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဝင်း[၁၂/သကတ(နိုင်) ၁၉၄၈၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုကြီး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၆၉၂)**
**ဖုန်း-၀၉-၄၂၃၇၂၆၀၁၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်ဇင်လမ်း၊ အိမ်အမှတ်(ခ/၂/B) နေဦးထွန်းထွန်းဦး [၁၂/ထတပ(နိုင်)၀၆၂၆၂၄] နှင့် ဒေါ်ထွေးတင် [၁၂/ထတပ(နိုင်)၀၂၆၅၉၇]တို့၏ သမီးဖြစ်သူ မဝင်းပပထွန်း [၁၂/မရက(နိုင်)၁၈၂၁၇၉]သည် မိဘများ၏ ဆိုဆုံးမမှုအားလုံးကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဖခင်-ဦးထွန်းထွန်းဦး၊ မိခင်-ဒေါ်ထွေးတင်**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တဇောတိဿရ
# သိက္ခာတော် (၆၇) ဝါ၊ သက်တော် (၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်၏ နာယကဖြစ်သော ဆရာတော် ဘဒ္ဒန္တဇောတိဿရသည် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်) ၃-၉-၂၀၂၂ (စနေနေ့) နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) ၇-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်)

စျာပနကျင်းပရေးကော်မတီ

## ဦးစိုးတင့်ဘ
ညွှန်ကြားရေးမှူး(ငြိမ်း)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားသူကြီး(ငြိမ်း)
## အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ(ဦးဘကြည်-ဒေါ်လှိုင်)တို့သား၊ (ဦးချစ်စန်း)-ဒေါ်ကျင်ရှိန်တို့၏ သားသမက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့- တောင်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်မိုးမိုးမြင့်၏ ခင်ပွန်း၊ (ဦးဟန်အေး)-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးညွန့်-ဒေါ်သီသီထွန်း၊ ဦးမိုးလွင်ဦး-ဒေါ်ရွှေစင်တို့၏ အစ်ကို ၊ ကိုပြည်စိုး၊ ကိုသန်းအောင်ကျော်-မယဉ်မင်းလှိုင်၊ ကိုညီညီစိုး-မဖြိုးဝေ၊ မဟာသ်ာ၊ မောင်အံ့ဘုန်းဘ တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂-၉-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ငပုတောမြို့နေအိမ်၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၂(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ငပုတောမြို့နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မြင့်အောင်
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ် (၁၄)၊ခြောက်လွှာ(B) နေ ဦးအုန်းရွှေ-ဒေါ်တင်အေးတို့၏ တတိယသား၊ [ဦးထွန်းတင်(ခ)ဦးရွှေနီ-ဒေါ်မူမူ] တို့၏ သားသမက်၊ ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ဇော်-ဒေါ်မြမြတို့၏ ညီ/မောင်၊ (ဒေါ်မိမိခင်)၊ ကိုအောင်သူ-မမြတ်မိုတင့်၊ ကိုညီညီအောင်-မအေးမြတ်မွန်၊ ကိုထူးအောင်-မမေသကြ်န်တို့၏ အစ်ကို၊ ရဲမှူးဦးတင်ဝင်းသိန်း(ငြိမ်း)-ဒေါ်အေးသန်း(လဝက-ငြိမ်း)တို့၏တူ၊ Capt-ဦးစိုးငြိမ်း-ဒေါ်စုစုတင်၊ (ဒေါ်သက်သက်တင်)တို့၏ မောင်၊ (ကိုသိန်းတန်)-မကျော့ကျော့ထွန်း၊ ကိုရဲထွန်းစိုး(Even Genius Co.Ltd)-မညိုညိုထွန်း၊ [မောင်သိန်းမြင့်ထွန်း(ခ)ချန်ဒူး]တို့၏ အစ်ကို၊ တူ/တူမ ၁၃ယောက်တို့၏ဦးလေး၊ မြေး သုံးယောက်တို့၏အဘိုး၊ ဒေါ်သီသီတင်(ငါးလုပ်ငန်းဦးစီး၊ အရည်အသွေးထိန်းသိမ်းရေးနှင့်သုတေသနဌာန)၏ခင်ပွန်း၊ ကိုအောင်မြင့်မို (A pan Ocean line logistics)၊ ကိုစိုးထက်အောင်တို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၃-၉-၂၀၂၂ (စနေနေ့) နံနက် ၁၀:၁၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ၅-၉-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၂၂ (သောကြာနေ့)တွင် ရက်လည်တရားတော်နာမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးရပြီး၊ ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။

ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ယခင်အစိုးရ တာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုချိန်မှာ အခြေခံအုတ်မြစ်တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

---





တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ဖျာပုံနှင့် မအူပင်မြို့နယ်များ၌ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် တရားခံများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၃

ကျောက်တော်
၃ ဒသမ ၃၅ လက်မ

ဖျာပုံ
၂ ဒသမ ၁၆ လက်မ

ရွှေကျင်
၁ ဒသမ ၈၈ လက်မ

မြင်းခြံ
၁ ဒသမ ၄၅ လက်မ

ညောင်လေးပင်
၁ ဒသမ ၂၆ လက်မ

ပူတာအို
၁ ဒသမ ၁၈ လက်မ

---

## ယနေ့ ဖတ်စရာ

**သဘာဝပေါက်ပင်မှထွက်ရှိသည့် တောထန်းမြစ်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဈေးထိရရှိ**

စာမျက်နှာ » ၁၁

**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၀ တွေ့ရှိ**

စာမျက်နှာ » ၁၂

---

## ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး လီဗာပူးအသင်း သရေရလဒ်ထွက်ပေါ်




ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ စက်တင်ဘာ ၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး လီဗာပူးအသင်းကတော့ သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ဝက်ဟမ်းအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ၇၆ မိနစ်မှာ ဘင်ချီဝဲလ်နဲ့ ၈၈ မိနစ်မှာ ကိုင်ဟာဗက်ဇ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○